(က) တစ်ဘက်ရထုတ်ခဲ့သော ပုဂ္ဂိုလ်များသည် အနာဂါမိမဂ္ဂဋ္ဌာန်နှင့် အရဟတ္တမဂ္ဂဋ္ဌာန် ဖြစ်လျှင် **"ဒွိန္နံမဂ္ဂသမင်္ဂီနံထပေတ္တာအဝသေသာ ပုဂ္ဂလာ"** ဟု ထုတ်ပါ။

(ခ) အနာဂါမိမဂ္ဂဋ္ဌာန်နှင့် သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ဖြစ်လျှင် **"အနာဂါမိမဂ္ဂသမင်္ဂီဠ၊ အဋ္ဌမကဠထပေတ္တာ အဝသေသာ ပုဂ္ဂလာ"** ဟု ဝိဘင်းထုတ်ပါ။

(ဂ) အရဟတ္တ မဂ္ဂဋ္ဌာန်နှင့် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်လျှင် **"အဂ္ဂ မဂ္ဂသမင်္ဂီဠ အဋ္ဌမကဠထပေတ္တာ အဝသေသာ ပုဂ္ဂလာ"** ဟု ဝိဘင်းထုတ်ပါ။

(ဃ) အရဟတ္တ မဂ္ဂဋ္ဌာန်, အနာဂါမိ မဂ္ဂဋ္ဌာန်, သောတာပတ္တိ မဂ္ဂဋ္ဌာန်ဖြစ်လျှင် **"ဒွိန္နံမဂ္ဂသမင်္ဂီနဠ အဋ္ဌမကဠ ထပေတ္တာ အဝသေသာ ပုဂ္ဂလာ"** ဟု ဝိဘင်းထုတ်ပါ။

အမှာ။ ဤဝါရ ပစ္စနိက်၌ တစ်ဘက်ရ, နှစ်ဘက်ရ ဝိဘင်းထုတ်ပုံမှာ ခန္ဓယမိုက်စသည်နှင့် တူ၏။ ဩကာသဝါရသည် အနုသယ ဩကာသဝါရနှင့် တူ၏။

ပဇဟန (ပုဂ္ဂလ) ဝါရ

ပုဂ္ဂိုလ်နဝပဇဟ ခွဲပြရှေ့ဦးစွာ	ဒိ ဝိ	ကာ ပ	မာ ဘ အ	ဝိဘင် - ဌာန			
သောမဂ္ဂဋ္ဌာန်	။	—	—	အဋ္ဌမကော			
အနာဂါမိမဂ္ဂဋ္ဌာန်		။	—	အနာဂါမိမဂ္ဂသမင်္ဂီ			
အရဟတ္တမဂ္ဂဋ္ဌာန်			။	အဂ္ဂမဂ္ဂသမင်္ဂီ			
ပုထုဇဉ်၊ သကဒါဂါမိ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ၄ ယောက်				ဒွိန္နံမဂ္ဂသမင်္ဂီနဠ အဋ္ဌမကဠ အနာဂါမိ မဂ္ဂသမင်္ဂီဠ ။ အဂ္ဂမဂ္ဂသမင်္ဂီဠ ။	ထိုဝဋ္ဋ	ဤဝဋ္ဋ	ဤဝဋ္ဋ

မှတ်ချက် ။ (။) ဤအမှတ်များဖြင့်အကြွင်းမဲ့ပယ်သည်ကိုပြ၏။

(–) အမှတ်များဖြင့် တစ်စိတ်တစ်ဒေသမျှကိုသာ ပယ်နိုင်ပုံကိုပြ၏။ ပစ္စနိက်၌ တစ်စိတ်ပယ်ကိုမဟော။

http://www.dhammadownload.com

ဝိဘင်းထုတ်

ယောကာမရာဂါနုသယံ ပဇဟတိ၊သော မာနာနုသယံ ပဇဟတီတိတ ဒေကဋ္ဌံပဇဟတိ။

ယောဝါပနမာနာနုသယံ ပဇဟတိ၊ သောကာမရာဂါနုသယံ ပဇဟတီတိ။ နော။

ယောကာမရာဂါနုသယံနပ္ပဇဟတိ၊ သောမာနာနုသယံနပ္ပဇဟတီတိ။ အဂ္ဂမဂ္ဂသမ်ဳိ ကာမရာဂါနုသယံ နပ္ပဇဟတိ၊ နောစသော မာနုသယံ နပ္ပဇဟတိ။ ဒ္ဳိန္နံမဂ္ဂသမ်ဳိနံ ထပေတွာ အဝသေသာပုဂ္ဂလာ ကာမရာဂါနုသယဉ္စ နပ္ပဇဟန္တိ။ မာနာနုသယဉ္စ နပ္ပဇဟန္တိ။

ယောဝါပနမာနာနုသယံ နပ္ပဇဟတိ၊ သောကာမရာဂါနုသယံ နပ္ပဟတီတိ။ အနာဂါမိမဂ္ဂသမ်ဳိမာနာနုသယံ နပ္ပဇဟတိ၊ နောစသော ကာမရာဂါနုသယံ နပ္ပဇဟတိ။ ဒ္ဳိန္နံမဂ္ဂသမ်ဳိနံထပေတွာ အဝသေသာပုဂ္ဂလာ မာနာနုသယဉ္စနပ္ပဇဟန္တိ၊ ကာမရာဂါနုသယဉ္စ နပ္ပဇဟန္တိ။

အရကောက်

အနုလောမဥ် သန္နိဋ္ဌာန်ကားအနာဂါမိမဂ္ဂဋ္ဌာန်ရ၏။ သံသယကား - ၎င်းရ၏။

ပဋိလောမဥ်သန္နိဋ္ဌာန်အရကား - အရာဟတ္တမဂ္ဂဋ္ဌာန်ရ၏။ သံသယအရမရှိ။

ပစ္စနိက်အနုလောမဥ် သန္နိဋ္ဌာန်အရကား - အရဟတ္တမဂ္ဂဋ္ဌာန်ရ၏။ ပုထုဇဉ်၊ အနာဂါမိမဂ္ဂဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန်ကြဉ်သော အရိယာခြောက်ယောက်လည်းရ၏။

ပစ္စနိက်ပဋိလောမဥ်သန္နိဋ္ဌာန်အရကား - အနာဂါမိမဂ္ဂဋ္ဌာန်ပဂ္ဂိုလ်၏။ ပုထုဇဉ်၊ အနာဂါမိ မဂ္ဂဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန် ကြဉ်သောအရိယာ ခြောက်ယောက်လည်းရ၏။

စတုမူ၊ ဝိစိကိစ္ဆာနုသယမူလိ

ယောကာမရာဂါနုသယဉ္စ ပဋိယာနုသယဉ္စမာနာနုသယဉ္စဒိဋ္ဌာနုသယဉ္စ ပဇဟတိ၊ သောဝိစိကိစ္ဆာနုသယံပဇဟတီတိ၊ နတ္ထိ။

ယောဝါပနဝိစိကိစ္ဆာနုသယံ ပဇဟတိ၊ သောကာမရာဂါနုသယဉ္စ ပဋိယာနုသယဉ္စမာနာနုသယဉ္စ ဒိဋ္ဌာနုသယဉ္စ ပဇဟတီတိ၊ ဒိဋ္ဌာနုသယံ ပဇဟတိ။ ကာမရာဂါနုသယဉ္စ ပဋိယာနုသယဉ္စမာနာနုသယဉ္စ တဒေကဋ္ဌံ ပဇဟတိ။

ယော ကာမရာဂါနုသယဉ္စ ပဋိယာနုသယဉ္စ မာနာနုသယဉ္စ ဒိဋ္ဌာနုသယဉ္စ နပ္ပဇဟတိ၊ သောဝိစိကိစ္ဆာနုသယံ နပ္ပဇဟတီတိ၊ အာမန္တာ။

http://www.dhammadownload.com

ယောဝါပန ဝိစိကိစ္ဆာနုသယံ နပ္ပဇဟတိ သောကာမရာဂါနုသယဉ္စ ပဋိဃာနုသယဉ္စ မာနာနုသယဉ္စ ဒိဋ္ဌာနုသယဉ္စနပ္ပဇဟတီတိ။ အနာဂါမိမဂ္ဂသမင်္ဂီ ဝိစိကိစ္ဆာနုသယဉ္စ မာနာနုသယဉ္စ ဒိဋ္ဌာနုသယဉ္စ နပ္ပဇဟတိ နောစသောကာမရာဂါနုသယဉ္စ ပဋိဃာနုသယဉ္စ နပ္ပဇဟတိ။ အဂ္ဂမဂ္ဂ မင်္ဂီဝိစိကိစ္ဆာ နုသယဉ္စ ကာမရာဂါနုသယဉ္စ ပဋိဃာနုသယဉ္စ ဒိဋ္ဌာနုသယဉ္စနပ္ပဇဟတိ။ နောစ သော မာနုသယံ နပ္ပဇဟတိ။

ဒွိန္နံမဂ္ဂသမင်္ဂီနဉ္စ အဋ္ဌမကဉ္စ ထပေတွာ အဝသေသာ ပုဂ္ဂလာဝိစိကိစ္ဆာ နုသယဉ္စ နပ္ပ ဇဟန္တိ၊ ကာမရာဂါနုသယဉ္စ ပဋိဃာနုသယဉ္စ မာနာနုသယဉ္စ ဒိဋ္ဌာနုသယဉ္စ နပ္ပဇဟန္တိ။

ပဇဟန၊ ပုဂ္ဂလောကာသဝါရ

၁။ ပုဂ္ဂလောကာသဝါရ၌ ဝိဘင်းထုတ်စည်းမျဉ်းသီခြားမရှိပါ။ ပုဂ္ဂလဝါရစည်းမျဉ်းနှင့် အနုသယဝါရ ပုဂ္ဂလောကာသဝိဘင်းထုတ်စည်းမျဉ်းများကို နည်းမှီ၍ ဝိဘင်းထုတ်ပါ။

၂။ မူအနုသယကို အကြွင်းမဲ့ပယ်၍ မူလီအနုသယကို တစ်စိတ်တစ်ဒေသပယ်ပြီး ဌာန တူလျှင် 'တဒေတဋ္ဌံ ပဇဟတိ' ဟု ဝိဘင်းထုတ်ပါ။ အနုယသအမည်ကို မဖော်ရ။

၃။ မူအနုသယ (သန္နိဋ္ဌာန် ပုဒ်အရ) ကို အကြွင်းမဲ့ပယ်၍ မူလီအနုသယ (သံသယအရ) ကိုတစ်စိတ်တစ်ဒေသ ပယ်သောပုဂ္ဂိုလ်ကို ဝိဘင်းထုတ်ရာ၌ တူသောဌာန မတူသော ဌာနကွဲပြားရာတွင် ဌာနကွဲကို တစ်ဘက်ရဝိဘင်းထုတ်ပါ။ ဌာနတူကို နှစ်ဖက်ရဝိဘင်း ထုတ်ပါ။ ထိုသို့ထုတ်ရာ၌ တစ်စိတ်တစ်ဒေသပယ်သော အနုသယအမည်ကို ဖော်လျက် "သွေဝပုဂ္ဂလောကာမဓာတုယာ ဒ္ဒိသု ဝေဒနာသု သောတတောကာမရာဂါနုသယံ တဒေကဋ္ဌံ ပဇဟတိ" စသည်ဖြင့် ထုတ်ပါ။ ဒွိမူစသည်၌ မပယ်သောအနုသယအမည် ကိုဖော်လျက် "နောစသောတတော ပဋိဃာနုသယံ ပဇဟတိ" ဟုဆက်ထုတ်ပါ။

၄။ ပစ္ဆာနိက်၌ သက်ဆိုင်ရာ မူလီအနုသယများအရကိုရှာဖွေရာ၌ အနုသယပုဂ္ဂလောကာသ ပစ္ဆာနိက်ဝိဘင်းထုတ်စည်းမျဉ်းအတိုင်းရှာဖွေ၍၊ ပဇတနပုဂ္ဂလဝါရ ပစ္ဆာနိက်ဝိဘင်းထုတ် စည်းမျဉ်းအတိုင်း ဝိဘင်းထုတ်ပါ။

http://www.dhammadownload.com

၅။ အနုသယဝါရ၌ "ကိန်းသော" ဟူသောစကားနေရာတွင် "ပယ်သော" ဟူသောစကားကို အစားထိုးသုံးစွဲပါ။ "တသေဝပုဂ္ဂလဿ" အစား "သွေဝပုဂ္ဂလော" ဟုအစားထိုးသုံးစွဲပါ။

ပဇဟနပုဂ္ဂလောကာသဝါရ
ကာမရာဂါနုသယမူ ပဋိဃာနုသယမူလီ

ပုဂ္ဂိုလ်	ဌာန	ကာ	ပဋိ	ဝိဘင်္ဂဌာန
အနာဂါမိမဂ္ဂဋ္ဌာန်	ဒုက္ခဝေဒနာ ၃ ပါး		။	အနာဂါမိ မဂ္ဂသမ္မာဒုက္ခာယ ဝေဒနာယ
။	ကာမဓါတ်ဝေဒနာ ၂ ပါး	။		အနာဂါမိ မဂ္ဂသမ္မာကာမ ဓာတုယာ
။	ရူ၊ အရူ၊ အပရိ			သွေဝပုဂ္ဂလောရူ၊ အရူ၊ အပရိ
ပု-၆	ဓာတ် ၃ ပါး၊ ဝေဒနာ ၃ပါး			ထပေထွာအဝသေသာပုဂ္ဂလာ

ဝိဘင်းထုတ်ပုံ

ယောယတော ကာမရာဂါနုသယံ ပဇဟတိ၊ သောတတော ပဋိဃာနုသယံ ပဇဟတိ၊ နော။

ယောဝါပနယတော ပဋိဃာနုသယံ ပဇဟတိ၊ သောတတော ကာမရာဂါနုသယံ ပဇဟတိ၊ နော။

ယောယတော ကာမရာဂါနုသယံ နပ္ပဇဟတိ သောတတော ပဋိဃာနုသယံ နပ္ပဇဟတိ၊ အနာဂါမိ မဂ္ဂသမ္မာ ဒုက္ခာယ ဝေဒနာယ သောတတော ကာမရာဂါနုသယံ နပ္ပဇဟတိ၊ နောစသောတတောပဋိဃာနုသယံနပ္ပဇဟိ၊ သွေဝပုဂ္ဂလော ရူပဓာတုယာအရူပဓာတုယာ အပရိယာပန္နေ သောတတော ကာမရာဂါနုသယဉ္စ နပ္ပဇဟတိ၊ ပဋိဃာနုသယဉ္စ နပ္ပ ဇဟတိ။

http://www.dhammadownload.com

အနာဂါမိမဂ္ဂ သမဂီ ထပေတွာအဝ သေသာပုဂ္ဂလာသဗ္ဗတ္ထ ကာမရာဂါနုသယဉ္စ နပ္ပဇဟန္တိ၊ ပဋိဃာနုသယံဉ္စ နပ္ပဇဟန္တိ။

ယောဝါပနယတော ပဋိဃာနုသယံ နပ္ပဇဟတိ၊ သောတတော ကာမရာဂါနုသယံ နပ္ပဇဟတိတိ၊ အနာဂါမိ မဂ္ဂသမဂီကာမဓာတုယာ ဒွိသုဝေဒနာသု သောတတော ပဋိဃာနုသယံ နပ္ပဇဟတိ၊ နောစသော တတောကာမရာဂါနုသယံ နပ္ပဇဟတိ၊ သွေဝပုဂ္ဂလော ရူပဓာ တုယာ အရူပဓာတုယာ အပရိယာ ပန္နေသောတတော ပဋိဃာနုသယဉ္စနပ္ပဇဟတိ၊ ကာမရာဂါ နုသယဉ္စ နပ္ပဇဟတိ။

အနာဂါမိမဂ္ဂသမဂီထပေတွာ အဝသေသောပုဂ္ဂလာသဗ္ဗတ္ထ ပဋိဃာနုသယဉ္စနပ္ပဇဟန္တိ၊ ကာမရာဂါနုသယဉ္စ နပ္ပဇဟန္တိ။

အရကောက်ပုံ

အနုလောမ၌ သန္နဋ္ဌာန်ပုဒ်၏ အရကားအနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အားကာမဓာတ် ဝေဒနာနှစ်ပါးရ၏။ သံသယအရမရှိ။

ပဋိလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား ဒုက္ခဝေဒနာ သုံးပါးရ၏။ သံသယအရမရှိ။

ပစ္စနိက်အနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အားဒုက္ခ ဝေဒနာသုံးပါး ရ၏။ ထိုအနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား ရူပဓါတ်၊ အရူပဓာတ်၊ အပရိယာပန္နတရား။ ပုထုဇဉ်၊ အနာဂါမိ မဂ္ဂဋ္ဌာန်ကြဉ်သော အရိယာခုနှစ်ယောက်တို့အား ဓာတ်သုံးပါး၊ ဝေဒနာသုံးပါး၊ အပရိယာပန္နတရားလည်ရ၏ သံသယကားနောက်သာရ၏။

ပစ္စနိက်ပဋိလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရာကား - အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အားကာမ ဓာတ်ဝေဒနာနှစ်ပါးရ၏။ ထိုအနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား ရူပဓာတ်၊ အရူပဓာတ်၊ အပရိယာပန္နတရား။ ပုထုဇဉ်၊ အနာဂါမိမဂ္ဂဋ္ဌာန်ကြဉ်သော အရိယာခုနှစ်ယောက်တို့အား ဓာတ်သုံးပါး၊ ဝေဒနာ သုံးပါး၊ အပရိယာပန္နတရားလည်းရ၏။ သံသယကား - နောက်သာရ၏။

http://www.dhammadownload.com

ပဟီနုဝါရ + ပုဂ္ဂလ

ပုဂ္ဂိုလ်ပဥ္စပဟီန ခွဲပြရှေ့ဦးစွာ	ဒိ ဝိ	ကာ ပ	မာ ဘ အ	ဝိဘင်္ဂဌာန		
ပုထုဇဉ်				ပုထုဇ္ဇနသ +	တိဏ္ဏံ	တိဏ္ဏံ
သော၊ သ	။			ဒိန္နံပုဂ္ဂလာနံ		
အနာဂါမ်	။	။		အနာဂါမိသ	ဒိန္နံ	
ရဟန္တာ	။	။	။	အရဟတော		

မှတ်ချက်။ အနုလုံ၌ အယုတ်ပုဂ္ဂိုလ်မှစ၍ ဝိဘင်းထုတ်ပါ။
ပစ္စနိက်၌ အမြတ်ပုဂ္ဂိုလ်မှစ၍ ဝိဘင်းထုတ်ပါ

ဝိဘင်းထုတ်ပုံ

ယဿကာမရာဂါနုသယော ပဟီနော၊ တဿမာနာနုသယော ပဟီနောတိ၊ အနာဂါမိဿ ကာမရာဂါနုသယော ပဟီနော၊ နောစတဿ မာနာနုသယော ပဟီနော။ အရဟတော ကာမရာ ဂါနုသ ယောစ ပဟီနော မာနာနုသယောစ ပဟီနော။

ယဿဝါပန မာနာနုသယော ပဟီနော၊ တဿကာကရာဂါ နုသယော ပဟီနောတိ။ အာမန္တာ။

ယဿကာမရာဂါနုသယော အပ္ပဟီနော တဿမာနာနုသယော အပ္ပဟီနောတိ။ အာမန္တာ။

ယဿဝါပန မာနာနုသယော အပ္ပဟီနော၊ တဿကာမရာဂါနုသယောအပ္ပဟီနောတိ၊ အနာဂါမိဿမာနာနုသယော အပ္ပဟီနော၊ နောစတဿကာမရာဂါနုသယော အပ္ပဟီနော။

တိဏ္ဏံပုဂ္ဂလာနံ မာနာနုသသောစ အပ္ပဟီနော ကာမ ရာဂါနုသယောစ အပ္ပဟီနော။

http://www.dhammadownload.com

ပဟီန၊ ဩကာသဝါရ ဝိဘင်းထုတ်ရန်

၁။ ဤ ဩကာသဝါရကို အနုသယဝါရဩကာသဝါရ ဇယားအတိုင်း ဟောပါ။

၂။ ဤ ပဟီနဩကာသဝါရ၌ အပရိယာပန္နတရားကို မဟော။

၃။ အနုလုံနှင့် ပစ္စနိက်ဝိဘင်းနှင့် အရကောက်တရား တူ၏။

၄။ အမြတ်ဆုံး ဌာနမှစ၍ ဝိဘင်းထုတ်ပါ။

၅။ အနုသယဩကာသဝါရမှာ "နော" ဝိဘင်းထုတ်သောနေရာ၌ "နဝတ္တဗ္ဗောပဟီနောတိဝါ အပ္ပဟီနောတိဝါ" ဟုဝိဘင်းထုတ်ပါ။

၆။ "နောစတတ္ထ" စသည်ဖြင့် ပဋိသေဓဖြင့်တားမြစ်ရမည့်နေရာမျိုး၌ "ရူပဓာတုယာ အရူပဓာတု ယာဧတ္ထမာနာနုသယော ပဟီနော၊ ကာမရာဂါနုသယော နဝတ္တဗ္ဗော ပဟီနောတိဝါ အပ္ပဟီ နောတိဝါ" ဟုဝိဘင်းထုတ်ပါ။

ကာမဓ္မုပဋိဃဓ္မုလီ ဝိဘင်းထုတ်ပုံ

ယတ္ထ ကာမရာဂါနုသယော ပဟီနော၊ တတ္ထပဋိဃာနုသယော ပဟီနောတိ၊ နဝတ္တဗ္ဗော "ပဟီနော" တိဝါ "အပ္ပဟီနော" တိဝါ။

ယတ္ထဝါပန ပဋိဃာနုသယော ပဟီနောတတ္ထ ကာမရာဂါနုသယော ပဟီနောတိ။ နဝတ္တဗ္ဗော "ပဟီနော" တိဝါ "အပ္ပဟီနော" တိဝါ။ (ပစ္စနိက်တူ၏။)

ကာမဓ္မုမာနုဓ္မုလီ

ယတ္ထ ကာမရာဂါနုသယော ပဟီနော၊ တတ္ထမာနာနုသယော ပဟီနောတိ၊ အာမန္တာ။

ယတ္ထဝါပနမာနာနုသယော ပဟီနော၊ တတ္ထကာမရာဂါနုသေယော ပဟီနောတိ၊ ရူပ ဓါတုယာ အရူပ ဓါတုယာ ယာဧတ္ထ မာနာနုသယောပဟီနော။ ကာမရာဂါနုသယော နဝတ္တဗ္ဗော "ပဟီနော" တိဝါ "အပ္ပဟီနော" တိဝါ။

ကာမဓာတုယာ ဒ္ဝိသုဝေဒနာသုဧတ္ထမာနာနုသယောစ ပဟီနော။ ကာမရာဂါနုသ ယောစ ပဟီနော။

http://www.dhammadownload.com

ပဟီနဝါရ၊ ပုဂ္ဂလောကာသ အနုလုံ့၌ ဝိဘင်းထုတ်ရန်

၁။ မူလ - မူလီအနုသယများကိုပယ်သော ပုဂ္ဂိုလ်ကို ပဟီနပုဂ္ဂလဝါရ ဇယားအတိုင်းရှာဖွေ၍ ကိန်းသောဌာနကို အနုသယဩကာသ ဝါရဇယားအတိုင်းရှာဖွေပါ။

၂။ အနုလုံ့၌အယုတ်ပုဂ္ဂိုလ်အမြတ်ဌာနမှစ၍ ဝိဘင်းထုတ်ပါ။

၃။ အနုသယ ပုဂ္ဂလောကာသဝါရမှာ "နော" ဝိဘင်းထုတ်သောနေရာမျိုး၌ "နဝတ္တဗ္ဗောပဟီနောတိဝါ၊ အပ္ပဟီ နောတိဝါ" ဟု ဝိဘင်းထုတ်ပါ။

၄။ တစ်ဘက်ရတရားမရှိဘဲ ပုဂ္ဂိုလ်တူ ဌာနတူလျှင် "အာမန္တာ" ဝိဘင်းထုတ်ပါ။

၅။ တစ်ဘက်ရ၊ နှစ်ဘက်ရ ဝိဘင်းထုတ်ရာ၌ တစ်ဘက်ရ တရားတွင် -

(က) ပုဂ္ဂိုလ်တူသည်ဖြစ်စေ မတူသည်ဖြစ်စေဌာနကွဲလျှင် "နဝတ္တဗ္ဗောပဟီနောတိဝါ အပ္ပဟီ နောတိဝါ" ဟုထုတ်ပါ။

(ခ) ပုဂ္ဂိုလ်မတူဌာနတူလျှင် အခြားအနုသသယဝါရစသည်၌ ကဲ့သို့ "နောစတဿတတ္ထ ပဟီနော" ဟု ထုတ်ပါ။

(ဂ) ပုဂ္ဂိုလ်တူဌာနတူ တရားရှိလျှင် နှစ်ဘက်ရဝိဘင်း ဆက်ထုတ်ပါ။

ပစ္စနိုက်၌ ဝိဘင်းထုတ်ရန်

၁။ မူအနုသယကိုမပယ်သော ပုဂ္ဂိုလ်နှင့် မူအနုသယကိန်းသော ဌာနကိုသာဟောသည်၊ မကိန်းသောဌာနကို မဟော။

၂။ မူအနုသယကို မပယ်သောပုဂ္ဂိုလ်နှင့် ကိန်းသောဌာနကို ရှာဖွေပါ။

http://www.dhammadownload.com

မှတ်ချက်။ မပယ်သောပုဂ္ဂိုလ်ကို ပဟီနပုဂ္ဂလဝါရ ဇယားအတိုင်းရှာပါ။ ကိန်းသောဌာနကို အနုသယဩကာသဝါရအတိုင်း ရှာပါ။

၃။ အမြတ်ပုဂ္ဂိုလ် အမြတ်ဌာနမှစ၍ ဝိဘင်းထုတ်ပါ။

၄။ ကြွင်းသောဝိဘင်းထုတ်နည်းများသည် အနုလုံဝိဘင်းထုတ်စည်းမျဉ်းနှံပါတ် (၃၊ ၄၊ ၅) အတိုင်းပင်ဖြစ်၏။

ဓာတုဝါရ

အခြေခံသရုပ်ခွဲပုံ

၃၁ - ဘုံကို (၁) ကာမာဝစရ

(၂) ရူပါဝစရ

(၃) အရူပါဝစရ ဟုသုံးမျိုးခွဲပါ။

ကာမာဝစရကို (၁) ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်၊

(၂) ကာမာဝစရဘုံမှရူပါဝစရဘုံသို့ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်၊

(၃) ကာမာဝစရဘုံမှအရူပဘုံသို့ ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်ဟု သုံးမျိုးခွဲပါ။

ရူပါဝစရကို (၁) ရူပါဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်၊

(၂) ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်၊

(၃) အရူပဘုံ၌နောင်ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်ဟု သုံးမျိုးခွဲပါ။

အရူပါဝစရကို (၁) အရူပဘုံ၌နောင်ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်၊

(၂) ကာမဝစရဘုံ၌နောင်ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်ဟု နှစ်မျိုးခွဲပါ။

http://www.dhammadownload.com

သရုပ်ခွဲပုံဇယား

မူတည်	သရုပ်ခွဲပုံ	မူလဘုံ	ဖြစ်ပြန်ဘုံ	ပုဂ္ဂိုလ်
ကာမ	ကာနောင်	ကာမဘုံ-၁၁	ကာမဘုံ ၁၁	ပုထု ၄၊ အောက်ဖလဋ္ဌာန်-၂
	ရှေ့	ကာမသု-၇	ရူပဘုံ ၁၆	တိပု၊ အောက်ဖလဋ္ဌာန်-၃
	အရှေ့	။	အရူပဘုံ ၄	။ ။
ရူပ	ရှေ့	ရူပဘုံ ၁၄	ရူပဘုံ ၁၅	။ ။
	ကာနောင်	ရူပဘုံ ၁၁	ကာသု ၇	သုဂတိအဟိတ်၊တိဟိတ် ပုထုဇဉ်
	အရှေ့	ရူပဘုံ ၁၀	အရူပဘုံ ၄	တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန်-၃
အရူပ	အရှေ့	အရူပဘုံ ၄	အရူပဘုံ ၄	။ ။
	ကာနောင်	အရူပ ၄	ကာသု ၇	။

(ကျက်ရန်)

ကာမပုဂ္ဂိုလ် သုံးမျိုး

ကာမ္မကာနောင်ဖြစ်ပြန်။ ကာမ-၁၁ ဘုံမှစုတေ၍ ကာမ ၁၁ ဘုံ၌ ပုထုဇဉ် -၄၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် (၂)ယောက် ဖြစ်နိုင်၏။

ကာမ္မရှေ့။ ကာမသုဂတိမှစုတေ၍ ရူပ ၁၆ ဘုံ၌တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်(၃)ယောက် ဖြစ်နိုင်၏။

ကာမ္မအရှေ့။ ကာမသုဂတိရဘုံမှစုတေ၍ အရူပ-၄ ဘုံမှ၌ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက် ဖြစ်နိုင်၏။

http://www.dhammadownload.com

ရူပပုဂ္ဂိုလ်သုံးမျိုး

ရူမှရူသို့ ။ အသညသတ်၊ အကနိဋ္ဌကြဉ်ရူပ ၁၄ ဘုံမှစုတေ၍ အသညသတ်ကြဉ်ရူပ ၁၅ ဘုံ၌တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃)ယောက်ဖြစ်နိုင်၏။

ရူမှကာနောင်။ သုဒ္ဓါဝါသကြဉ်ရူပ - ၁၁ ဘုံမှစုတေ၍ ကာမသုဂတိရဘုံ၌ သုဂတိအဟိတ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် (၂)ယောက်ဖြစ်နိုင်၏။

ရူမှအရူသို့ ။ ဝေဟပ္ဖဂ္ဂိုလ်တိုင်အောင်သောရူပါဝစရ ၁၀ ဘုံမှစုတေ၍ အရူပဘုံ၌တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်- ပုဂ္ဂိုလ် (၃) ယောက်ဖြစ်နိုင်၏။

အရူပပုဂ္ဂိုလ်နှစ်မျိုး

အရူမှအရူသို့ ။ အရူပဘုံမှ စုတေ၍ အရူပဘုံ၌တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃) ယောက် ဖြစ်နိုင်၏။

အရူမှကာနောင်။ အရူပဘုံမှ စုတေ၍ ကာမသုဂတိ (၇) ဘုံ၌ တိဟိတ်ပုထုဇဉ် တစ်ယောက်ဖြစ်နိုင်၏။

အမှာ ။ အရူပဘုံမှ စုတေ၍ ရူပဘုံ၌ ဖြစ်နိုင်သော ပုဂ္ဂိုလ်မရှိ။

မှတ်ချက် ။ ပုထုဇဉ်သန္တာန်၌ အနုသယရ ခုနစ်လုံးကိန်း၏။ ထို့ကြောင့် "ကဿစိသတ္တ အနုသယာ အနုသေန္တိ " ဟု ပါဠိတော်၌ ဟောတော်မူ၏။

သောတာပန်၊ သကာဒါဂါန် ပုဂ္ဂိုလ်တို့ သန္တာန်၌ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယမှ တစ်ပါး အနုသယငါးပါးကိန်း၏။ ထို့ကြောင့် "ကဿစိ ပဉ္စအနုသယာ အနုသေန္တိ" ဟု ဟောတော်မူ၏။

အနာဂါမ်ပုဂ္ဂိုလ်သန္တာန်၌ မာနာနုသယ၊ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယ သုံးပါးကိန်း၏။ ထို့ကြောင့် "ကဿစိတယော အနုသယာ အနုသေန္တိ " ဟု ဟောတော်မူ၏။

http://www.dhammadownload.com

အရကောက်များ

ကာမှကာနောင်ဖြစ်ပြန်ကောင်း

ကာမဓာတုယာ စုတဿ၏ အရကား ကာမစုတိတစ်ဆယ်၊ စေတသိက် တေတ္တိံသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂဏာသမဂ္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်နှစ်ယောက်တို့အား ကာမတစ်ဆယ့်တစ်ဘုံရ၏။

ကာမဓာတုံ ဥပပဇ္ဇန္တဿ၏ အရကား ကာမပဋိသန္ဓေတစ်ဆယ်၊ စေတသိက် တေတ္တိံသ၊ ကမ္မဇကလာပသုံးစည်း၊ ခုနစ်စည်းတို့၏ ဥပ္ပါဒက္ခဏာသမဂ္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်နှစ်ယောက်တို့အား ကာမတစ်ဆယ့်တစ်ဘုံရ၏။

ကဿစိသတ္တ အနုသယာ အနုသေန္တိ၏ အရကား ပုထုဇဉ်ပုဂ္ဂိုလ်အား အနုသယ ခုနစ်ပါးရ၏။

ကဿစိပဗ္ဗအနုသယာ အနုသေန္တိ၏အရကား သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာ နုသယမှတစ်ပါး အနုသယ ငါးပါးရ၏။

ကာမှရူသို့ ။ ကာမဓာတုယာ စုတဿ၏ အရကား ကာမတိဟိတ်စုတိ လေးခု၊ စေတသိတ် တေတ္တိံသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂဏာသမဂ်ဟု ဆိုအပ်သော တိဟိတ် ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား ကာမသုဂတိ ခုနစ်ဘုံရ၏။

ရူပဓာတုံ ဥပပဇ္ဇန္တဿ၏ အရကား ရူပ ပဋိသန္ဓေ ငါးခု စေတသိက် ပဉ္စတ္တိံသ၊ ကမ္မဇ ကလာပ် လေးစည်း၊ အစစွာသောဇီဝိ တနဝကကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏာသမဂ္ဂီဟု ဆိုအပ် သော သုဂတိအဟိတ် တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား ရူပ တစ်ဆယ့်ခြောက်ဘုံ ရ၏။

အမှာ ။ ကဿစိတ္တ အနုသယာ အနုသေန္တိအရနှင့် ကဿစိပဗ္ဗအနု သယာအနုသေန္တိအရ တို့ကို နောက်၌ပြခဲ့ပြီ။

ကဿစိတယောအနုသယာအနုသေန္တိ၏ အရကား - အနာဂါမ်ပုဂ္ဂိုလ်တို့အား မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယတည်းဟုသောသုံးပါးသော အနုသယရ၏။

http://www.dhammadownload.com

ကာမှအရှုသို့ ။ ကာမဓာတုယာစုတသ၏ အရကား- တူပြီ။ အရှုပခါတုံဥပပဇ္ဇန္တသ၏အရကား-အရှုပပဋိသန္ဓေလေးခုစေတသိက် တိသတို့၏ ဥပ္ပါဒက္ခဏသမဂ်ီဟု ဆိုအပ်သော တိဟိတ် ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား အရှုပလေးဘုံရ၏။

ရူပပုဂ္ဂိုလ်သုံးမျိုး

ရူပှရှုသို့။ ရူပဓာတုယာ စုတသ၏အရကာ - ရူပစုတိငါးခု၊ စေတသ်က်ပဉ္စတ္တိသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘဂ်က္ခဏသမဂ်ီဟု ဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား အသညသတ်၊ အကနိဋ္ဌကြဉ်သော ရူပတစ်ဆယ့်လေးဘုံရ၏။

ရူပဓာတုံ ဥပပဇ္ဇန္တသ၏ အရကား ရူပပဋိသန္ဓေငါးခု၊ စေတသိက် ပဉ္စတ္တိသ၊ ကမ္မဇကလာပ်လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမဂ်ီဟု ဆိုအပ်သော တိဟိတ် ပုထုဇဉ်, အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံရ၏။

ရူပှကာနောင် ။ ရူပဓာတုယာ စုတသ၏ အရကား ရူပစုတိ ငါးခု၊ စေတသိက် ပဉ္စတ္တိသ၊ အဆုံးစွန်သော ကမ္မဇရုပ် ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဘဂ်က္ခဏသမဂ်ီဟု ဆိုအပ်သော သုဂတိအဟိတ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသကြဉ်သော ရူပ တစ်ဆယ့်တစ်ဘုံရ၏။

ကာမဓာတုံ ဥပပဇ္ဇန္တသ၏ အရကား ကာမဒွိဟိတ်၊ တိဟိတ်ပဋိသန္ဓေ ရှစ်ခု၊ စေတသိက် တေတ္တိသ၊ ကမ္မဇကလာပ်သုံးစည်း၊ ခုနစ်စည်းတို့၏ ဥပ္ပါဒက္ခဏသမဂ်ီဟု ဆိုအပ်သော ဒွိဟိတ်၊ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံရ၏။

ရူပှ အရှုပသို့ ။ ရူပဓာတုယာစုတသ၏ အရကား ရူပစုတိငါးခု၊ စေတသိက် ပဉ္စတ္တိသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘဂ်က္ခဏ သမဂ်ီဟု ဆိုအပ်သော တိဟိတ် ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံရ၏။ (အရှုပဓာတုံ ဥပပဇ္ဇန္တသ - လွယ်၏။)

အရှုပပုဂ္ဂိုလ်နှစ်မျိုး

အရှုပှ အရှုသို့ ။ အရှုပဓာတုယာ စုတသ၏ အရကား အရှုပစုတိလေးခု (ပ) - တိဟိတ် ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် - ပုဂ္ဂိုလ်သုံးယောက်တို့အား အရှုပလေးဘုံရ၏။

http://www.dhammadownload.com

အရှုမှကာနောင် ။ အရှုပမာတုယာစုတသဿ၏ အရကားး - အရှုပစုတိလေးခု (ပ) - တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်အား အရှုပလေးဘုံ။

ကာမမာတုံ ဥပပဇ္ဇန္တသဿ၏အရကားး - ကာမတိဟိတ်ပဋိသန္ဓေလေးခု၊ စေတသိက် တေတ္တိသ၊ ကမ္မဇကလာပ်သုံးစည်း၊ ခုနစ်စည်းတို့၏ ဥပါဒက္ခဏသမဂ်ီဟု ဆိုအပ်သော ကာမာဝစ ရဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံရ၏။

ဓာတု၊ ပုစ္ဆာဝါရ

မူ	မူလိ	ပုစ္ဆာပါဠိတော်
ကာမမာတုယ စုတသဿ	ကာမမာတုံ ဥပပဇ္ဇန္တသဿ	ကတိအနုသယာ အနုသေန္တိ။ ။ နာနုသေန္တိ။ ။ ဘဂ်ီ
ရူပ ။	ရူပ ။	။ ။
အရူပ ။	အရူပ ။	။ ။
နကာမ ။	နကာမ ။	။ ။
နရူပ ။	နရူပ ။	။ ။
နအရူပ ။	နအရူပ ။	။ ။
နကာ၊ နအရူ ။	နကာ၊ နအရူ ။	။ ။
နရူ၊ နအရူ ။	နရူ၊ နအရူ ။	။ ။
နကာ၊ နရူ ။	နကာ၊ နရူ ။	။ ။

ပုစ္ဆာပါဠို

ကာမမာတုယာ စုတသဿ ကာမမာတုံ ဥပပဇ္ဇန္တသဿကတိအနုသယာ အနုသေန္တိ၊ ကတိ အနုသယာနာနုသေန္တိ၊ ကတိအနုသယာဘဂ်ီ။

http://www.dhammadownload.com

အမှာ။ ကြွင်းသောပုစ္ဆာပါဠိတို့ကိုလည်း ဆက်ဟောပါ။ ထိုသို့ဟောရာ၌ "ကာမဓာတုမူ၊ ရူပဓါတုမူ၊ အရူပဓာတုမူ" ဟူသော အပေါ်ကသုဒ္ဓဓာတ်သုံးပါး၌ မူနှင့်တူသော ဓာတ်တို့ကို ရှေ့ဦးစွာ မူလီသွင်းဟောပါ။ ထို့နောက် နကာမဓာတုမူမှစ၍ မူလီအစဉ်အတိုင်းဟောပါ။

နကာမအရရူပ အရူပကိုယူပါ၊ နရူပအရကာမ၊ အရူပကိုယူ၊ နအရူအရကာမ၊ ရူပတို့ကိုယူ၊ နကာမနအရူအရ ရူပကိုယူ၊ ဤသို့စသည်ဖြင့် သိပါလေ။

ဓာတုဝိဿဇ္ဇနာဝါရ

ပုဂ္ဂိုလ်	ဝိသဇ္ဇနာပါဠိတော်	ဒီဝိ	ကာပ	မာဘအ
ပုထုဇ္ဇဉ်	ကာမသိသတ္တာအနုသယာအနုသေန္တိ	။	။	။
သော၊သ	။ ပဋိ ။		။	။
အနာ	။ တယော ။			။
အနုသယာဘဂိုနတ္ထိ				
ဥပပတ္တိနာမနတ္ထိ၊ ဟေဋ္ဌာဥပပဇ္ဇမာနော ကာမဓာတုံ ယေဝ ဥပပဇ္ဇတိ၊ သတ္တောဝအနုသယာ အနုသေန္တိ၊ အနုသယာ ဘဂိုနတ္ထိ။				

ဝိဿဇ္ဇနာပါဠိ

ကာမဓာတုယာစုတသကာမဓာတုံ ဥပပဇ္ဇန္တသကသိသတ္တာ အနုသယာအနုသေန္တိ၊ ကသိပဋိ အနုသယာအနုသေန္တိ၊ အနုသယာဘဂိုနတ္ထိ။

အနက် ။ ကာမဓာတုယာ - ကာမတစ်ဆယ့်တစ်ဘုံမှ၊ **စုတသသ** - စုတေသော၊ **ကာမဓာတုံ**- ကာမတစ်ဆယ့်တစ်ဘုံ၌၊ **ဥပပဇ္ဇန္တသသ** - ပဋိသန္ဓေနေသောပုဂ္ဂိုလ်အား၊ **ကသိစိ** - အချို့သော ပုထုဇ္ဇဉ် ပုဂ္ဂိုလ်အား၊ **သတ္တာ** - ခုနစ်ပါးကုန်သော၊ **အနုသယာ** - အနုသယတို့သည်၊ **အနုသေန္တိ**-

http://www.dhammadownload.com

သန္တာန်အနု ဂတာဟုထွာသယန္တိ - သန္တာန်သို့အစဉ်လိုက်၍ကိန်းကုန်၏။ **ကဿစိ** - အချို့သော သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့အား၊ **ပဠု** - ငါးပါးကုန်သော၊ **အနုသယာ** - တို့သည်၊ **အနုသေန္တိ** - ကုန်၏။

ဘဂီ - ဘဂ္ဂိတမ္ဘာ - ဤမျှသေအနုသယာကားဖြစ်၏။ ဤမျှသောအနုသယကား မဖြစ်ဟူ၍ ဝေဖန်ခွဲခြမ်းအပ်ကုန်သော၊ **အနုသယာ** - အနုသယတို့သည်၊ **နတ္ထိ** - မရှိကုန်။

အမှာ ။ ကြွင်းသောဝိဿဇ္ဇနာပါဠိတို့ကိုလည်းဤ နည်းအတိုင်းကို မှီ၍အနက်ပေးပါလေ။ ကဿစိတယောအနုယာအနုသေန္တိကို အောက်ပါအတိုင်းအနက်ပေးပါ။

ကဿစိတယောအနုသယာကိုအနက်ပေးပုံ

ကဿစိ - အချို့သော အနာဂါမ်ပုဂ္ဂိုလ်အား၊ တယော - သုံးပါးကုန်သော၊ အနုသယာ- တို့သည်၊ အနုသေန္တိ - ကုန်၏။ အရကောက်လွယ်ပါပြီ။

အနုသယာဘဂီနတ္ထိ ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ဤမည်သောအနုသယကိန်း၏၊ ဤမည်သောအနုသယမကိန်း၊ ဤမည်သောအနုသယကားကိန်းသည်လည်းဟုတ်၏။ ကိန်းသည်လည်းမဟုတ်၊ ဤမည်သောအနုသယကားရံခါကိန်း၏။ ဤမည်သောအနုသယကားရံခါမကိန်း၊ ဤသို့ဝေဖန်အပ်သော အနုသယမည်သည်မရှိဟူလို၊ ဤကားအနုသယာဘဂီနတ္ထိ၏ အဓိပ္ပါယ်တည်း။

<u>ကာမမူရူပမူလိမှတ်ဖွယ်</u> ။ ရူပဘုံ၌ ပဋိယာနုသယမရှိ၊ အသညသတ်ဘုံ၌ မူအနုသယ ခုနစ်ပါးလုံးပင်မရှိ၊ ထိုသို့ဘုံအားဖြင့်ပင် မရှိသော်လည်း ထိုထိုပုဂ္ဂိုလ်တို့၏သန္တာန်၌ မဂ်ဖြင့်မပယ်ရသေးသောကြောင့် ဖြစ်ဆဲမဟုတ်သော်လည်း ဖြစ်ပြီး၊ ဖြစ်လတ္တံ့ဖြစ်၍ "ကဿစိသတ္တ အနုသယာ အနုသေန္တိ" စသည့်ဖြင့် ဟောတော်မူ၏။

"အနုသယယမိုက်ပြီး၏"



http://www.dhammadownload.com

စိတ္တာယမိုက်

ဥဒ္ဒေသဝါရ

"ဟောရိုးစဉ်"

အနုသယ ယမိုက်ကိုဟောတော်မူသည်၏ အခြားမဲ့၌စိတ္တာယမိုက်ကို ဟောတော်မူ၏။ ထိုစိတ္တာယမိုက်သည်လည်း ဥဒ္ဒေသ၊ နိဒ္ဒေအားဖြင့်နှစ်ပါးအပြားရှိ၏။ ထို . . . တွင်ဥဒ္ဒေသကို ရှေးဦးစွာ-ဟောတော်မူ၏။ ထိုဥဒ္ဒေသသည်လည်းသုဒ္ဓစိတ္တာသာမည၊ သုတ္တန္တစိတ္တာမိဿကဝိသေသ၊ အဘိဓမ္မစိတ္တာမိဿကဝိ သေသအားဖြင့် သုံးပါးအပြားရှိ၏။ ထို . . . တွင် သုဒ္ဓစိတ္တာသာမညကို ရှေးဦးစွာဟောတော်မူ၏။ ထို . . . သည်လည်းပုဂ္ဂလဝါရ၊ ဓမ္မဝါရ၊ ပုဂ္ဂလဓမ္မဝါရအားဖြင့်သုံးပါး အပြားရှိ၏။ ထို . . . တွင် ပုဂ္ဂလဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထို . . . သည်လည်း-

ဥပ္ပါဒနိရောဓကာလသမ္ဖေဒဝါရ
ဥပ္ပါဒုပ္ပန္နဝါရ
နိရောဓုပ္ပန္နဝါရ
ဥပ္ပါဒဝါရ
နိရောဓဝါရ
ဥပ္ပါဒနိရောဓဝါရ
ဥပ္ပဇ္ဇမာန နနိရောဓဝါရ
ဥပ္ပဇ္ဇမာနုပ္ပန္နဝါရ
နိရုဇ္ဈမာနုပ္ပန္နဝါရ
ဥပ္ပန္နုပ္ပါဒဝါရ
အတီတာနာဂတဝါရ
ဥပ္ပန္နုပ္ပဇ္ဇမာနဝါရ
အတိက္ကန္တကာလဝါရ အားဖြင့် တစ်ဆယ့်လေးပါးအပြားရှိ၏။

http://www.dhammadownload.com

ဝါရုယ်တစ်ဆယ့်လေးပါး ဥဒ္ဒေသပါဠိတော်

ဝါရအမည်	ပုဂ္ဂလဝါရဟောပုံနည်းပြပါဠိ
၁။ ဥပ္ပါဒနိရောဓ ကာလသမ္ဘေဒ	ယဿစိတ္တံဥပ္ပဇ္ဇတိ၊ နနိရုဇ္ဈတိ၊ တဿစိတ္တံနိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ၊ ယဿဝါပနစိတ္တံနိရုဇ္ဈိဿတိ။
၂။ ဥပ္ပါဒုပ္ပန္န	ယဿစိတ္တံဥပ္ပဇ္ဇတိ၊ တဿစိတ္တံဥပ္ပန္နံ၊ ယဿဝါပန . . .
၃။ နိရောဓုပ္ပန္န	ယဿစိတ္တနိရုဇ္ဈတိ၊ ။ ။
၄။ ဥပ္ပါဒ	(ပန်တီ၊ ပန်နာ၊ တီနာ) သုံးဝါရ
၅။ နိရောဓ	(။ ။ ။) ။
၆။ ဥပ္ပါဒနိရောဓ	(။ ။ ။) ။
၇။ ဥပ္ပဇ္ဇမာနနနိရောဓ	ယဿစိတ္တံဥပ္ပဇ္ဇတိ၊ တဿစိတ္တံဥပ္ပန္နံ၊ ယဿဝါပန -
၈။ ဥပ္ပဇ္ဇမာနုပ္ပန္န	ယဿစိတ္တံနိရုဇ္ဈမာနံ၊ တဿစိတ္တံဥပ္ပန္နံ၊ ယဿဝါပန -
၉။ နိရုဇ္ဈမာနုပ္ပန္န	ယဿစိတ္တံနိရုဇ္ဈမာနံ၊ တဿစိတ္တံဥပ္ပန္နံ၊ ယဿဝါပန -
၁၀။ ဥပ္ပန္နုပ္ပါဒ	ယဿစိတ္တံဥပ္ပန္နံ၊ တဿစိတ္တံဥပ္ပဇ္ဇိတ္ထ၊ - (တီ နာ- ၂)
၁၁။ အတီတာနာဂတ	ယဿစိတ္တံဥပ္ပဇ္ဇိတ္ထ (နောစတဿစိတ္တံဥပ္ပန္နံ)၊ တဿ စိတ္တံဥပ္ပဇ္ဇိဿတိ၊ ယဿဝါပနစိတ္တ-ဿတိ (။) တဿတ္ထ
၁၂။ ဥပ္ပန္နုပ္ပဇ္ဇမာန	ဥပ္ပန္နံ၊ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပန္နံ။
၁၃။ နိရုဒ္ဓနိရုဇ္ဈမာန	နိရုဒ္ဓံ၊ နိရုဇ္ဈမာနံ၊ နိရုဇ္ဈမာနံ၊ နိရုဒ္ဓံ။
၁၄။ အတိက္ကန္တကာလ	ယဿစိတ္တံဥပ္ပဇ္ဇမာနံခဏံခဏံဝိတိက္ကန္တံအတိက္ကန္တ ကာလံနိရုဇ္ဈ မာနံခဏံခဏံဝိတိက္ကန္တံအတိက္ကန္တကာ လံတဿစိတ္တံ၊ ယဿဝါပန စိတ္တံနိရုဇ္ဈမာနံခဏံခဏံဝိတိက္ကန္တံ အတိက္ကန္တကာလံ ဥပ္ပဇ္ဇမာနံ ခဏံခဏံ ဝိတိက္ကန္တံအတိက္ကန္တ ကာလံတဿစိတ္တံ။

http://www.dhammadownload.com

ညွှန်ကြားချက် ။ ပစ္စနိက်ကိုဟောလိုက **"နံ"** မရှိရာ၌ **"နံ"** ကိုသွင်း၊ **"နံ"** ရှိရာဝယ်၊ **"နံ"** ကို ပယ်၍ ဟောလေ၊ **"နော"** ရှိရာ၌မူ **"နံ"** ထည့်၍ပင်ဟောရသည်၊ ဓမ္မဝါရဖြစ်က **"ယံစိတ္တံ"** ဟုလည်းကောင်း၊ ပုဂ္ဂလဓမ္မဝါရဖြစ်က **"ယဿယံစိတ္တံ"** ဟု လည်းကောင်း ပြုပြင်ပြောင်းလဲ ဟောရုံမျှသာဖြစ်သည်။ ဝါရတစ်ဆယ့်လေးပါးကို လျင်လျင်မြန်မြန် သွက်သွက်လက်လက် ရေတွက်တက်ပါမှ ပါဠိတော်ဟောရွတ်ရာ၌ လွယ်မည်။

ဝါရ စသည်.. ရေတွက်ပုံ

ဥပ္ပါဒနိရောဓ ကာလသမ္ဗေဒဝါရ၌ ယမကနှစ်ပါး၊ ပုစ္ဆာလေးပါး၊ အတ္ထရှစ်ပါး ဖြစ်သတည်း။

ပုဂ္ဂလဝါရ၌ -

ဝါရကြီး	၃	ပါး
ဝါရငယ်	၁၄	ပါး
ယမက	၇၂	ပါး
ပုစ္ဆာ	၈၄	ပါး
အတ္ထ	၁၆၈	ပါး

မှတ်ချက် ။ ဓမ္မဝါရ၊ ပုဂ္ဂလဓမ္မဝါရတို့၌လည်း ပုဂ္ဂလဝါရတိုင်းပင်ဖြစ်၏။

သုဒ္ဓစိတ္တသာမညဝါရ -

ဝါရကြီး	၃	ပါး	
ဝါရငယ်	၁၄	ပါး	
ယမက	၁၂၆	ပါး	
ပုစ္ဆာ	၂၅၂	ပါး	
အတ္ထ	၅၀၄	ပါး	ဖြစ်သတည်း။

၃ × ၁၄

(၃ × ၃ = ၂၁ ဝါရလွန်) ၇၂ + ၂ × ၂

၁၆၂ × ၂ = ...

၂၅၂ × ၂ ... ...

"သုဒ္ဓစိတ္တသာမညပြီး၏"

○ ○ ○ ○ ○

http://www.dhammadownload.com

သုတ္တန္တစိတ္တာမိသကဝိသေသ

"ဟောရိုးစဉ်"

သုဒ္ဓစိတ္တသာမညကို ဟောတော်မူသည့်၏ အခြားမဲ့၌သုတ္တန္တစိတ္တမိသကဝိသေသကို ဟောတော်မူ၏။ ထို . . . သည်လည်း -

သရာဂပဒ မိသက

ဝီတရာဂပဒ မိသက

သဒေါသပဒ မိသက

ဝီတဒေါသပဒ မိသက

သမောဟပဒ မိသက

ဝီတမောဟပဒ မိသက

သံခိတ္တပဒ မိသက

ဝိက္ခိတ္တပဒ မိသက

မဟဂ္ဂတပဒ မိသက

အမဟဂ္ဂတပဒ မိသက

ဥတ္တရပဒ မိသက

အနုတ္တရပဒ မိသက

သမာဟိတပဒ မိသက

အသမာ ဟိတပဒ မိသက

ဝိမုတ္တပဒ မိသက

အဝိမုတ္တပဒ မိသက အားဖြင့် တစ်ဆယ့်ခြောက်ပါး အပြားရှိ၏။

http://www.dhammadownload.com

ဝါရ့ စဿည်... ရေတွက်ပုံ

ဥပ္ပါဒနိရောဓကောလသမ္ဘောဒဝါရ၌ ယမကနှစ်ပါး၊ ပုစ္ဆာလေးပါး၊ အတ္ထရှစ်ပါးဖြစ်၏။ ပုဂ္ဂလဝါရ၌ -

ဝါရငယ်	၁၄ ပါး
ယမက	၄၂ ပါး
ပုစ္ဆာ	၈၄ ပါး
အတ္ထ	၁၆၈ ပါး

မှတ်ချက် ။ ဓမ္မဝါရ၊ ပုဂ္ဂလဓမ္မဝါရ တို့၌လည်း ပုဂ္ဂလဝါရ အတိုင်းပင် ဖြစ်၏။

သုတ္တန္တစိတ္တ မိဿက ဝိသေသ၌ -

	ပဒ	= ၁၆ ပါး
၁၆ × ၃	ဝါရကြီး	= ၄၈ ပါး
၄၈ × ၁၄	ဝါရငယ်	= ၆၇၂ ပါး
၄၈ × ၃ = ၆၇၂။ ၆၇၂ + ၃၃၆ × ၂	ယမက	= ၂၀၁၆ ပါး
၂၀၁၆ × ၂	ပုစ္ဆာ	= ၄၀၃၂ ပါး
၄၀၃၂ × ၂	အတ္ထ	= ၈၀၆၄ ပါး

http://www.dhammadownload.com

သုတ္တန္တစိတ္တ မိဿကဝိသေသ

သုတ္တန္တစိတ္တမိဿက ဝိသေသပဒအပြား	တရားကိုယ်အရကောက်	
	စိတအမည်	တရားကိုယ်
၁။ သရာဂပဒမိဿက	သရာဂစိတ်	လောဘမူစိတ် - ၈
၂။ ဝိတရာဂပဒမိဿက	ဝိတရာဂစိတ်	ထိုမှကြွင်းသောစိတ် - ၈၁
၃။ သဒေါသပဒ ။	သဒေါသစိတ်	ဒေါသမူဒွေး
၄။ ဝိတဒေါသပဒ ။	ဝိတဒေါသစိတ်	ဒေါသမူဒွေးမှတစ်ပါးစိတ် - ၈၇
၅။ သမောဟပဒ ။	သမောဟစိတ်	မောဟမူဒွေး
၆။ ဝိတမောဟပဒ ။	ဝိတမောဟစိတ်	မောဟမူဒွေးမှတစ်ပါးစိတ် - ၈၇
၇။ သံခိတ္တပဒမိဿက	သံခိတ္တစိတ်	ဥဒ္ဓစ္စသမ္မယုတ်စိတ် - ၁
၈။ ဝိက္ခိတ္တပဒ ။	ဝိက္ခိတ္တစိတ်	ကြွင်းသောစိတ် - ၈၈ ခု
၉။ မဟဂ္ဂတပဒ ။	မဟဂ္ဂတစိတ်	မဟဂ္ဂုတ်စိတ် - ၂၇ ခု
၁၀။ အမဟဂ္ဂတ ။	အမဟဂ္ဂတစိတ်	ကြွင်းသောစိတ် - ၆၂ ခု
၁၁။ ဥတ္တရပဒ ။	သဥတ္တရစိတ်	လောကီစိတ် - ၈၁ ခု
၁၂။ အနုတ္တရပဒ ။	အနုတ္တရစိတ်	လောကုတ္တရာစိတ် - ၈ ခု
၁၃။ သမာဟိတပဒ ။	သမာဟိတစိတ်	မဟဂ္ဂုတ်၊ လောကုတ္တရာစိတ်
၁၄။ အသမာဟိတ ။	အသမာဟိတစိတ်	ကာမစိတ် - ၅၄ ခု
၁၅။ ဝိမုတ္တပဒ ။	ဝိမုတ္တစိတ်	လောကုတ္တရာစိတ် - ၈ ခု
၁၆။ အဝိမုတ္တ ။	အဝိမုတ္တစိတ်	လောကီစိတ် - ၈၁ ခု

http://www.dhammadownload.com

အဘိဓမ္မစိတ္တ မိဿကဝိသေသ

သုတ္တန္တစိတ္တ မိဿကဝိသေသကို ဟောတော်မူသည် ၏အခြားမဲ့၌ အဘိဓမ္မစိတ္တ မိဿကဝိသေသကို ဟောတော်မူ၏။ ထို . . . သည်လည်း "တိမာတိကာဥဒ္ဒေသ၊ ဒုမာတိကာဥဒ္ဒေသအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို . . . တွင် တိမာတိကာဥဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။ ထို . . . သည်လည်းကုသလတိက်၊ ဝေဒနာတိက် အစရှိသောအားဖြင့် နှစ်ဆယ့်နှစ်ပါးအပြားရှိ၏။ ထို . . . တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။ ထို့ . . . သည်လည်း "ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒအားဖြင့် သုံးပါးအပြားရှိ၏။ ထို . . . တွင် ကုသလပဒကို ရှေးဦးစွာဟောတော်မူ၏။ ထို . . . သည်လည်း "ပုဂ္ဂလဝါရ" စသည်ဖြင့် စစ်ဟောပါ။ "ဝါရ၊ ယမက၊ ပုစ္ဆာ" စသည်တို့ကိုလည်း စိစစ်ရေတွက်ကြည့်ပါ၊ အပေါင်းမျှကို ရေတွက်ပြပါမည်

ဤသို့လျှင် တိက မာတိကာ၌ -

	ပဒ	=	၆၆ ပါး
၆၆ × ၃	ဝါရကြီး	=	၁၉၈ ပါး
၁၉၈ × ၁၄	ဝါရငယ်	=	၂၇၇၂ ပါး
၁၉၈ × ၇ = ၁၃၈၆ ။ ၂၇၇၂ + ၁၃၈၆ × ၂	ယမက	=	၈၃၁၆ ပါး
၈၃၁၆ × ၂	ပုစ္ဆာ	=	၁၆၆၃၂ ပါး
၁၆၆၃၂ × ၂	အတ္ထ	=	၃၃၂၆၄ ပါး ဖြစ်သတည်း။

ဤသို့လျှင် ဒုက မာတိကာ၌ -

	ပဒ	=	၂၀၀	
၂၀၀ × ၃	ဝါရကြီး	=	၆၀၀	
၆၀၀ × ၁၄	ဝါရငယ်	=	၈၄၀၀	
၆၀၀ × ၇ = ၄၂၀၀။ ၈၄၀၀ + ၄၂၀၀ × ၂	ယမက	=	၂၅၂၀၀	*
၂၅၂၀၀ × ၂	ပုစ္ဆာ	=	၅၀၄၀၀	
၅၀၄၀၀ × ၂	အတ္ထ	=	၁၀၀၈၀၀	ဖြစ်သတည်း။

http://www.dhammadownload.com

အဘိဓမ္မစိတ္တမိဿကဝိသေသ၌ -

ပဒ = ၂၆၆ ပါး
ဝါရကြီး = ၇၉၈ ပါး
ဝါရငယ် = ၁၁၁၇၂ ပါး
ယမက = ၃၃၅၁၆ ပါး
ပုစ္ဆာ = ၆၇၀၃၂ ပါး
အတ္ထ = ၁၃၄၀၆၄ ပါး

စိတ္တယမိုက်၏ မာတိကာနယတို့၌ -

ပဒ (၁ + ၁၆ + ၂၆၆) = ၂၈၃ ပါး
ဝါရကြီး = ၈၉၄ ပါး
ဝါရငယ် = ၁၁၈၆ ပါး
ယမက = ၃၅၆၅၈ ပါး
ပုစ္ဆာ = ၇၁၃၁၆ ပါး
အတ္ထ = ၁၄၂၆၃၂ ပါး ဖြစ်သတည်း။

* အရကောက်စာအုပ်များ၌ ယမကမှစ၍ လွဲနေသည်ထင်ပါသည်။ တိကမာတိကာ ဒုကမာတိကာ၌ ရှုပ်သာရ၍ စိတ်စေတသိက်မရကောင်းသော ပုဒ်တို့ကို မောဃပုစ္ဆာအားဖြင့် ဟောတော်မူသည်။

"ဒ"

"ဥဒ္ဒေသဝါရပြီး၏"

○○○○○

http://www.dhammadownload.com

နိဒ္ဒေသပဂ္ဂလဝါရ

"ဟောရိုးစဉ်"

ဥဒ္ဒေသကိုဟောတော်မူသည်၏ အခြားမဲ့၌ နိဒ္ဒေသကို ဟောတော်မူ၏။ ထိုနိဒ္ဒေသသည် လည်းသုဒ္ဓစိတ္တသာမည၊ သုတ္တန္တစိတ္တမိဿကဝိသေသ၊ အဘိဓမ္မစိတ္တမိဿက ဝိသေသအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်သုဒ္ဓစိတ္တသာမညကို ရှေးဦးစွာဟောတော်မူ၏။ ထို . . . သည်လည်း ပုဂ္ဂလဝါရ၊ ဓမ္မဝါရ၊ ပုဂ္ဂလဓမ္မဝါရအားဖြင့်သုံးပါးအပြားရှိ၏။ ထို . . . တွင် ပုဂ္ဂလဝါရကိုရှေးဦးစွာ ဟောတော်မူ၏။ ထိုပုဂ္ဂလဝါရသည်လည်း ဥပ္ပါဒနိရောဓကာလသမ္ဖေဒဝါရအစရှိသောအားဖြင့် တစ်ဆယ့်လေးပါး အပြားရှိ၏။ ထို . . . တွင် ဥပ္ပါဒနိရောဓကာလသမ္ဖေဒဝါရကို ရှေးဦးစွာ ဟောတော်မူ၏။

သုဒ္ဓစိတ္တသာမည

ပုဂ္ဂလဝါရ

အတီတာနာဂတတိုင်အောင် - ၁၁ ဝါရ အတွက်

"ဝိထိပုံ"

ပ ဋိ - - - ပ ဥ နု ဂေါ မ ဖ ဖ ဘ (သန္ဓ) ဇ ဇ ဇ ဇ ဇ ပစ္ဆိမစိတ်
. . . ဝေါ . . . . . .

ရှင်း ။ စိတ်တစ်ခုသည်ဥပါဒ်၊ ဌီ၊ ဘင်ဟုခဏငယ်သုံးချက် အသက်ရှည်၏၊ ထို့ကြောင့် အထက်ပါ ဝီထိတွင် ပါဝင်သော စိတ်အားလုံးမှာ ဥပါဒ်၊ ဌီ၊ ဘင်ဟု အမှတ်သင်္ကေတ သုံးမျိုးရှိသည်ဟု မှတ်ပါ။ ထိုထွင် စိတ်တစ်ခု၏ ဥပါဒ်ခဏကို စိတ္တဿဥပ္ပါဒ ကွဲကဲ့ဟု ဝိဘင်းထုတ်၍၊ ဘင်ခဏကို စိတ္တဿဘင်္ဂကွဲကဲ့ဟု ဝိဘင်းထုတ်ပါသည်။ စိတ်တစ်ခု၏ ဥပါဒ်၊ ဌီ၊ ဘင်သုံးခုကို စိတ္တသမဂ္ဂီနံဟု ဝိဘင်းထုတ်ရပါသည်။

ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဝီထိတွင် စုတိစိတ်ကို ပစ္ဆိမစိတ်ဟုခေါ်၏။ ယင်းပစ္ဆိမ စိတ်နောက်မှာ မည်သည့်စိတ်မျှ မဖြစ်တော့ပါ။

http://www.dhammadownload.com

အခြေခံ သရုပ်ခွဲပုံ

အတီတာနာဂတစသော (၁၁) ဝါရဋ္ဌ -

၁။ ပစ္ဆိမစိတ်
၂။ ပစ္ဆိမစိတ်မှတစ်ပါးခပ်သိမ်းသောစိတ်
၃။ နိရောဓသမာပတ်ဝင်စားသူ
၄။ အသညသတ် ဟု လေးမျိုးခွဲပါ။
ပစ္ဆိမစိတ်ကို -
၁။ ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမဂ္ဂီ
၂။ ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏသမဂ္ဂီ
၃။ ပစ္ဆိမစိတ်၏ ခဏတ္တယသမဂ္ဂီ ဟု သုံးမျိုးခွဲပါ။
ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်ကို -
၁။ ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏသမဂ္ဂီ
၂။ ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမဂ္ဂီ
၃။ ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ခဏတ္တယသမဂ္ဂီ ဟု သုံးမျိုးခွဲပါ။

"ကျက်ရန်"

၁။ စိတ်တို့၏ ဥပ္ပါဒက္ခဏအားလုံးသည် ဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇမာန (ဖြစ်ဆဲ) မည်၏။
၂။ စိတ်တို့၏ဘင်္ဂက္ခဏအားလုံးသည် နိရုဇ္ဈတိ၊ နိရုဇ္ဈမာန (ချုပ်ဆဲ) မည်၏။
၃။ စိတ်တို့၏ ဥပ္ပါဒက္ခဏနှင့် ဘင်ခဏသည်ဥပ္ပန္နံ (ခဏတ္တယသို့ရောက်ဆဲ)။
၄။ ဝီထိပုံတွင် ပစ္ဆိမစိတ်မှ တစ်ပါးရှေ့ပိုင်းက စိတ်အားလုံးနှင့် နိရောဓသမာပတ်၊ အသ သတ်သည်ဥပ္ပဇ္ဇိဿတိ (ဖြစ်လတ္တံ့) မည်၏။
၅။ ပစ္ဆိမစိတ် (စုတိစိတ်) ၏ဘင်ခဏမှတစ်ပါး ရှေ့ပိုင်းစိတ်အားလုံးနှင့် နိရောဓသမာပတ်၊ အသညသတ်တို့သည် နိရုဇ္ဈိဿတိ (ချုပ်လတ္တံ့) မည်၏။
၆။ ဝီထိပုံတွင် ပါဝင်သော စိတ်အားလုံးနှင့် နိရောဓသမာပတ်၊ အသညသတ်တို့သည် ဥပ္ပဇ္ဇိတ္ထ (ဖြစ်ဖူး)၊ နိရုဇ္ဈိတ္ထ၊ နိရုဒ္ဓ (ချုပ်ဖူး) မည်၏။

http://www.dhammadownload.com

အရကောက်များ

ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမဏီ

တိဟိတ်စုတိတေ ရသဟုဆိုအပ်သော ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမဏီ ဟုဆိုအပ်သော အရဟတ္တဖလဌာန်ပုဂ္ဂိုလ်ရ၏။

ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏသမဏီ

တိဟိတ်စုတိတေရသဟုဆိုအပ်သော ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏသမဏီဟုဆိုအပ်သော အရဟတ္တ ဖလဌာန်ပုဂ္ဂိုလ်ရ၏။

ပစ္ဆိမစိတ်၏ ခဏတ္တယသမဏီ

တိဟိတ်စုတိတေရသဟုဆိုအပ်သော ပစ္ဆိမစိတ်၏ ခဏတ္တယသမဏီ ဟုဆိုအပ်သော အရဟတ္တဖလဌာန်ပုဂ္ဂိုလ်ရ၏။

ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏသမဏီ

ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏသမဏီ ဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်ရ၏။

ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ဘင်္ဂက္ခဏသမဏီ

ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမဏီ ဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်ရ၏။

ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ခဏတ္တယသမဏီ

ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ခဏတ္တယသမဏီ ဟုဆိုအပ်သောပုထုဇဉ်လေးယောက်, အရိယာရှစ်ယောက်ရ၏။

ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏသမဏီ

ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏသမဏီ ဟုဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အရိယာရှစ်ယောက်ရ၏။

http://www.dhammadownload.com

ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂဏာသမဓိ

ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂဏာသမဓိဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်, အရိယာ ရှစ်ယောက်ရ၏။

နိရောဓ သမာပတ်ဝင်စားသူ

နိရောဓသမာပတ်ဝင်စားခိုက်အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်ရ၏။

သုဒ္ဓဓိဋ္ဌာသာမည ပုဂ္ဂလဝါရ

အဓိဋ္ဌာနာဂတတိုင်အောင် ၁၁ ဝါရအတွက်

ပုဂ္ဂိုလ် ၁၂ ယောက်ကို ဝေဖန်ပြဆိုချက်	ဝိပဿနာဖြင့် ဝိပဿနာသီးသန့်	ဝိပဿနာဖြင့် ဝိပဿနာသီးသန့်	သမထ	ဝိပဿနာဖြင့် သမထ	ဝိပဿနာဖြင့် သမထ	ဝိပဿနာဖြင့် သမထ	ဝိဘင်္ဂဒွာန
ပစ္ဆိမစိတ်၏ ဥပပါဒက္ခဏသမဓိ	။		။	။		။	ပစ္ဆိမစိတ္တသဥပ္ပါ
။ ဘင်္ဂဏာသမဓိ		။	။	။			။ ဘင်္ဂက္ခဏော
။ မှတစ်ပါးခပ်သိမ်းစိတ်ဥပ္ပါ	။		။	။	။	။	(က္ခ) စိတ္တသဥပ္ပါ
။ ဘင်္ဂဏာ		။	။	။	။	။	။ ဘင်္ဂက္ခဏော
နိရော၊ အသညသတ်				။	။	။	နိရောဓသမာ၊အသည

ညွှန်ကြားချက် ။ တစ်ဘက်ရန္ဒစ်ဘက်ရများ ဥပါဒ်ချင်း၊ ဘင်ချင်းမတူလျှင် ကွတရေသံ ထည့်သွင်းစရာမလိုပေ။ ပထမနှင့် တတိယဥပ္ပါဒက္ခဏသမဓိနှစ်မျိုးကိုပေါင်း၍ ဝိဘင်းထုတ်လျှင် "စိတ္တသဥပ္ပါဒက္ခဏော" ဟုထုတ်ရမည်။ ဒုတိယ၊ စတုတ္ထဘင်္ဂက္ခဏသမဓိနှစ်မျိုးကို ပေါင်း၍ ဝိဘင်းထုတ်လျှင် "စိတ္တဿဘင်္ဂက္ခဏော" ဟု ထုတ်ရမည်။

http://www.dhammadownload.com

ပထမနှင့်ဒုတိယကိုပေါင်း၍ ဝိဘင်းထုတ်လျှင် "ပစ္ဆိမစိတ္တသမဏီနံ" ဟု ထုတ်ရမည်။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထလေးမျိုးကိုပေါင်း၍ ဝိဘင်းထုတ်လျှင် "စိတ္တသမဏီနံ" ဟု ထုတ်ရမည်။

ဝိဘင်းထုတ်ပုံနှင့် အရကောက်ပုံလွယ်ပါသည်။ ဇယား၌ ပြထားသောတရားငါးမျိုးတွင် ဥပ္ပဇ္ဇတိအရ အဘယ်တရားကိုရသည်၊ နိရုဇ္ဇျတိအရအဘယ်တရားကိုရသည် စသည်ဖြင့် ရှေ့ဦးစွာ မှတ်သားထားပါ။ ထို့နောက်မူ၊ မူလီတို့ကိုကျောက်သင်းပုန်း၌ ရေးထားပြီး၊ မူ၊ မူလီအရတရားတို့ကို ရှာဖွေ၍ဝိဘင်းထုတ်အရကောက်ပါ။ ယင်းသို့ ကျောက်သင်ပုန်းမှာချပြီး ရှာဖွေလျက် လေ့လာမှုများလာသောအခါ အလိုအလျောက် သဘောပေါက်လာပါလိမ့်မည်။

ဥပ္ပါဒနိုရောဓကာလသမ္ဘေဒဝါရ

ယဿစိတ္တံဥပ္ပဇ္ဇတိနနိရုဇ္ဇျတိ - သည်သန္ဒိဋ္ဌာန်ပုဒ်အရဖြစ်ဆဲသာဖြစ်၍ ချုပ်ဆဲမဟုတ်သော တရားကိုအခြေခံသရုပ်ခွဲပုံနှင့် ဇယား၌ပြထားသော တရားငါးမျိုးတွင် ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမဏီနှင့် ပစ္ဆိမစိတ်မှတစ်ပါးခပ်သိမ်းသော စိတ်ဥပ္ပါဒက္ခဏသမဏီတရားများကိုရ၏။

တဿစိတ္တံနိရုဇ္ဇျိဿတိ နဥပ္ပဇ္ဇိဿတိ-ကားသံသယပုဒ်ဖြစ်သည် သံသယပုဒ်အရ ချုပ်လတ္တံ့သာဖြစ်၍၊ ဖြစ်လတ္တံ့မဟုတ်သောတရားကို ရှာဖွေရမည်။ ထို့ကြောင့် သန္ဒိဋ္ဌာန်ပုဒ်အရ ဖြစ်သောဥပ္ပါဒက္ခဏတရားနှစ်မျိုးတွင် ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏမဏီသည် ဖြစ်လတ္တံ့မဟုတ်၊ ချုပ်လတ္တံ့ဖြစ်သည်။ ထို့ကြောင့် နှစ်ဘက်ရဖြစ်၏။ ပစ္ဆိမစိတ်မှတစ်ပါး ခပ်သိမ်းသော စိတ်ဥပ္ပါဒက္ခဏ သမဏီသည် ချုပ်လတ္တံ့လည်းဖြစ်သည်၊ ဖြစ်လတ္တံ့လည်းဖြစ်သည်။ တစ်ဘက်ရသာဖြစ်သည်။ ပို၍ရှင်းအောင် ဇယားဖြင့်ပြမည်။

ဥပ္ပါဒနိုရောဓကာလသမ္ဘေဒဝါရ

ဓမ္မ-ဝိဘာဂ	ဥပ္ပဇ္ဇတိ	နိရုဇ္ဇျိဿတိ	ဝိဘင်္ဂဌာန
	နနိရုဇ္ဇျတိ	နဥပ္ပဇ္ဇိဿတိ	
ပစ္ဆိမစိတ်စ္ဆဥပ္ပါဒက္ခဏ	။	။	ပစ္ဆိမစိတ္တဿဥပ္ပါဒက္ခဏေ
။မှတစ်ပါးခပ်သိမ်းစိတ်ဥပ္ပါ	။		ဣတရေသံစိတ္တဿဥပ္ပါဒက္ခဏ

http://www.dhammadownload.com

ဝိဘင်းထုတ်ပုံ

ယဿစိတ္တံဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ၊ တဿစိတ္တံနိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတီတိ။ ပစ္ဆိမစိတ္တသဉ္ဉိဒက္ခတေသံစိတ္တံဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ။ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ။ ဣတရေသံ စိတ္တသဉ္ဉိဒက္ခဏေတသံစိတ္တံဥပ္ပဇ္ဇတိနနိရုဇ္ဈတိ၊ နိရုဇ္ဈိဿတိစေဝ ဥပ္ပဇ္ဇိဿတိစ။

ယဿဝါပန စိတ္တံနိရုဇ္ဈတိနဥပ္ပဇ္ဇိဿတိ၊ တဿစိတ္တံဥပ္ပဇ္ဇတိ နနိရုဇ္ဈတီတိ၊ အာမန္တာ။

ယဿစိတ္တံနဥပ္ပဇ္ဇတိ နိရုဇ္ဈတိ တဿစိတ္တံနနိရုဇ္ဈိဿတိ ဥပ္ပဇ္ဇိဿတီတိ၊ နော။

ယဿဝါပနစိတ္တံ နနိရုဇ္ဈိဿတိ ဥပ္ပဇ္ဇိဿတိ တဿစိတ္တံ နဥပ္ပဇ္ဇတိ နိရုဇ္ဈတီတိ၊ နတ္ထိ။

မှတ်ချက် ။ အနုလုံဠ္ဍနှစ်ဘက်ရဝိဘင်းကို ရှေ့ဦးစွာထုတ်ခြင်းကြောင့် ဝိဘင်းလိမ်ဟုမှတ်ပါ။

အရကောက်

အနုလုံအနုလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏ အရကားပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမဂ်ီဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏမဂ်ီဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်ရ၏။

တိဟိတ်စုတိတေရသဟု ဆိုအပ်သော ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမဂ်ီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။

အနုလုံပဋိလောမဠ္ဍ သန္နိဋ္ဌာန်ပုဒ်၏ အရကားတိဟိတ်စုတိတေရသဟုဆိုအပ်သော ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမဂ်ီဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ သံသယကားငင်းရ၏။

ပစ္ဆာနိက်အနုလောမပုစ္ဆာဠ္ဍ သန္နိဋ္ဌာန်ပုဒ်၏အရကားခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမဂ်ီဟုဆိုအပ်သော ပုထုဇဉ်လေးယောက် အရိယာရှစ်ယောက်ရ၏။ သံသယပုဒ်၏အရ မရှိ။

http://www.dhammadownload.com

ဥပ္ပါဒ္ပုပ္ပန္နဝါရ

ဝိဘင်းထုတ်ပုံ

ယဿစိတ္တံဥပ္ပဇ္ဇတိ၊ တဿစိတ္တံဥပ္ပန္နန္တိအာမန္တာ၊ ယဿဝါပနစိတ္တံဥပ္ပန်း၊ တဿစိတ္တံဥပ္ပဇ္ဇတီတိ စိတ္တဿဘင်္ကဏောတေသံစိတ္တံဥပ္ပန်း၊ နောစတေသံစိတ္တံဥပ္ပဇ္ဇတိ၊ စိတ္တဿဥပ္ပါဒက္ခဏောတေသံ စိတ္တံဥပ္ပန္နဠော ဥပ္ပဇ္ဇတိစ။

ယဿစိတ္တံ နဥပ္ပဇ္ဇတိ၊ တဿစိတ္တံနဥပ္ပန္နန္တိစိတ္တဿဘင်္ကဏောတေသံစိတ္တံနဥပ္ပဇ္ဇတိ၊ နောစတေသံစိတ္တံ နဥပ္ပန်း၊ နိရောသေမာပန္နာနံ၊ အသညသတ္တာနံ တေသံစိတ္တံနစေဝဥပ္ပဇ္ဇတိနာ ဥပ္ပန်း။

ယဿဝါပန စိတ္တံနဥပ္ပန်း၊ တဿစိတ္တံနဥပ္ပဇ္ဇတီတိ၊ အာမန္တာ။

ဥပ္ပန်းအနက် ။ ဥပ္ပန်း - ခဏတ္တယသို့ရောက်ဆဲလော၊ (တစ်နည်း) ဥပ္ပန်း - ပစ္စုပ္ပန်လော။

အရကောက်

အနုလုံအနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏသမဂ်ီဟုဆိုအပ်သောပုထုဇဉ်လေးယောက်, အရိယာ ရှစ်ယောက်ရ၏။ သံသယဌေးရ၏။

အနုလုံပဋိလောမ၌သန္နိဋ္ဌာန်ပုဒ်၏ အရကား -ခပ်သိမ်းသောစိတ်တို့၏ ဘင်္ကဏသမဂ်ီဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်ရ၏။ အနုလောမသံသယလည်းရ၏။

အမှာ။ ပစ္စနိက်အရကောက်လွယ်၏။ ကြွင်းသောဝါရများ၌လည်း ဝိဘင်းထုတ် အရကောက်ပါ။

၁၁။ အတီတာနာဂတဝါရ

ဝိဘင်း ။ ယဿစိတ္တံဥပ္ပဇ္ဇိတ္ထ နောစတဿစိတ္တံဥပ္ပန်း၊ ထဿစိတ္တံဥပ္ပဇ္ဇိဿတီတိ အာမန္တာ။

ယဿဝါပနစိတ္တံဥပ္ပဇ္ဇိဿတိ၊ နောစတဿစိတ္တံဥပ္ပန်း၊ တဿစိတ္တံ ဥပ္ပဇ္ဇိတ္ထာတိ အာမန္တာ။

http://www.dhammadownload.com

ယဿစိတ္တံနဥပ္ပဇ္ဇိတ္ထ နောစတဿစိတ္တံ နဥပ္ပန္နံ၊ တဿစိတ္တံ နဥပ္ပဇ္ဇိဿတီတိ နတ္ထိ။

ယဿဝါပန စိတ္တံန ဥပ္ပဇ္ဇိဿတိ နောစတဿစိတ္တံ နဥပ္ပန္နံ၊ တဿစိတ္တံ နဥပ္ပဇ္ဇိတ္ထာတိ ဥပ္ပဇ္ဇိတ္ထ။

အရကောက်

အနုလုံအနုလောမပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - နိရောဓ သမာပတ် ဝင်စားခိုက်သော အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ် အသညသတ် ပုဂ္ဂိုလ်ရ၏။

ပစ္စနိက်ပဋိလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - ပစ္ဆိမစိတ်၏ ခဏတ္တသမဂ်ီ ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

ဥပ္ပန္နုပ္ပဇ္ဇမာနုစသောသုံးဝါရ

သရူပ	ဒေသနာ	ဝိပါက	ကိရိယာ	ဝိဘင်္ဂဋ္ဌာန
ပစ္စုပ္ပန်စိတ်၏ဥပါဒ်	။	။		ဥပ္ပါဒက္ခဏော
။ ဘင်	။			ဘင်္ဂက္ခဏော
အတီတ်စိတ်			။	အတီတံ (စိတ္တံ)
အနာဂတ်စိတ်				အနာဂတံစိတ္တံ

ဩန်ကြားချက် ။ ပထမဇယားကွက်နှင့် စတုတ္ထ ဇယားကွက်ရှိ တရားတို့ကိုပေါင်း၍ ဝိဘင်းထုတ်လျှင် "ဥပ္ပါဒက္ခဏောအနာဂတဉ္စစိတ္တံ" ဟုသမုစ္စယထွစ သဒ္ဒါ ထည့်သွင်းထုတ်ပါ။ တတိယ ဇယားကွက်နှင့် စတုတ္ထဇယားကွက်ရှိတရားတို့ကို ပေါင်း၍ထုတ်လိုလျှင် "အတီတာနာဂတံစိတ္တံ" ဟုစိတ္တသဒ္ဒါတစ်ခုကိုချေ၍ သန္ဓိစပ်ထုတ်ပါ။

http://www.dhammadownload.com

အရကောက်

ပ။ ဥပ္ပါဒက္ခဏစိတ် တစ်နည်း - စိတ်၏ဥပ္ပါဒက္ခဏသမဂ္ဂီပုဂ္ဂိုလ်။

ဒု။ ဘင်္ဂက္ခဏစိတ်၊ တစ်နည်း - စိတ်၏ဘင်္ဂက္ခဏမဂ္ဂီပုဂ္ဂိုလ်။

ဥပ္ပန္နပ္ပဋိမာနုဝါဒ

ဝိဘင်းထုတ် ။ ဥပ္ပန်နံဥပ္ပဇ္ဇမာနန္တိဘင်္ဂက္ခဏော ဥပ္ပန်နံ၊ နောစဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒက္ခဏော ဥပ္ပန္နဥော ဥပ္ပဇ္ဇမာနဥ၊ ဥပ္ပဇ္ဇမာနံ ဥပ္ပန်နံ နတ္ထိအာမန္တာ။

နဥပ္ပန်နံနဥပ္ပဇ္ဇမာနန္တိအာမန္တာ။

နဥပ္ပဇ္ဇမာနံ နဥပ္ပန္နန္တိဘင်္ဂက္ခဏောန ဥပ္ပဇ္ဇမာနံနောစနဥပ္ပန်နံ၊ အတီတာနာဂတံစိတ္တံ နစေဝဥပ္ပဇ္ဇ မာနံ, နစဥပ္ပန်နံ။

အရကောက်

အနုလုံအနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - ဘင်္ဂက္ခဏစိတ်ရ၏။ ဥပ္ပါဒက္ခဏစိတ် လည်းရ၏။ သံသယကား နောက်သာရ၏။

ပဋိလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - ဥပ္ပါဒက္ခဏစိတ်ရ၏။ သံသယငင်းရ၏။

ပစ္စနိက်အနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - အတိတ်စိတ်၊ အနာဂတ်စိတ်ရ၏။ သံသယငင်းရ၏။

ပဋိလောမ၌သန္နိဋ္ဌာန်၏ အရကား - ဘင်္ဂက္ခဏစိတ်ရ၏။ အတိတ်စိတ်၊ အနာဂတ်စိတ် လည်းရ၏။ သံသယကား နောက်သာရ၏။

နိဂ္ဂဟနိဂ္ဂဏှမာနုဝါဒ

ဝိဘင်း ။ နိဂ္ဂဟံနိဂ္ဂဏှမာနန္တိနော၊ နိဂ္ဂဏှမာနံနိဂ္ဂဟန္တိနော။

နနိဂ္ဂဟံနနိဂ္ဂဏှမာနန္တိဘင်္ဂက္ခဏောနနိဂ္ဂဟံနောစနနိ ဂ္ဂဏှမာနံ၊ ဥပ္ပါဒက္ခဏအနာဂတဥ စိတ္တံ နစေဝနိဂ္ဂဟံနစနိဂ္ဂဏှမာနံ။

http://www.dhammadownload.com

နနိရုဏ္ဏမာနံနနိရဒ္ဓန္တိ အတိတံစိတ္တံနနိရုဏ္ဏမာနံ နောစနနိရုဒ္ဓံ၊ ဥပ္ပါဒက္ခဏောအနာဂတဉ္စစိတ္တံနစေဝနိရုဏ္ဏမာနံ နစနိရုဒ္ဓံ။

အရကောက်။ အနုလုံအနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - အတိတ်စိတ်ရ၏။ သံသယအရ မရှိ။

ပဋိလောမ၌သန္နိဋ္ဌာန်ပုဒ်၏ အရကား - ဘင်္ဂဏစိတ်ရ၏။ သံသယအရမရှိ။

ပစ္စနိက်အနုလောမ၌သန္နိဋ္ဌာန်ပုဒ်၏ အရကား - ဘင်္ဂဏစိတ်ရ၏။ ဥပ္ပါဒက္ခဏစိတ်၊ အနာဂတ်စိတ်လည်းရ၏။ သံသယကား - နောက်သာရ၏။

ပဋိလောမ၌သန္နိဋ္ဌာန်ပုဒ်၏ အရကား အတိတ်စိတ်ရ၏။ ဥပ္ပါဒက္ခဏစိတ်၊ အနာဂတ်စိတ်လည်းရ၏။ သံသယကား နောက်သာရ၏။

တစ်နည်းကားအရကောက်ပုံ ။ ဥပ္ပန္နုပ္ပဒ္ဒမာနဝါရ၊ နိရုဒ္ဓနိရုဏ္ဏ မာနဝါရ နှစ်ပါးရသည် စိတ္တပွဓါန ဒေသနာဖြစ်သောကြောင့် စိတ္တသမဂ္ဂီ ပုဂ္ဂိုလ်ကိုဟောတော်မူ၏။ ထို့ကြောင့် အထက်က ပြခဲ့သည့်အတိုင်း တစ်နည်းကား - ခွဲကောက်ရမည်။

ဥပ္ပန္နုပ္ပဒ္ဒမာနဝါရ

တစ်နည်းကား ။ ဥပ္ပန္နံဟူသော အနုလုံအနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကားစိတ်၏ ဘင်္ဂဏ သမဂ္ဂီပုဂ္ဂိုလ်ရ၏။ စိတ်၏ ဥပ္ပါဒက္ခဏောသမဂ္ဂီပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။

အမှာ ။ ပစ္စနိက်၌လည်း ဤနည်အတိုင်း ပုဂ္ဂိုလ်ကိုကောက်ပါ။

နိရုဒ္ဓနိရုဏ္ဏမာနဝါရ

နိရုဒ္ဓံဟူသော အနုလုံ အနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား အတိတ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရ၏။ သံသယအရ မရှိ။

http://www.dhammadownload.com

ပဋိလောမ၌ နိရုဇ္ဈမာနံဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ဘင်္ဂဏာစိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရ၏။ သံသယအရမရှိ။ (ပစ္စနိက်၌လည်း ဤနည်းအတိုင်းကောက်ပါ။)

၁၄။ **အတိက္ကန္တကာလဝါရ**

ဇယား၌ ပြထားသော တရား (၄) မျိုးတွင် -

၁။ ပစ္စုပ္ပန်စိတ်၏ ဘင်သည် (ဂင်းစိတ်၏) ဥပါဒ်ခဏကို လွန်ခဲ့ပြီ။

၂။ အတိတ်စိတ်သည် ပစ္စုပ္ပန်စိတ်၏ ဥပါဒ်ခဏကိုလည်းကောင်း၊ ဘင်ခဏကို လည်းကောင်း လွန်ခဲ့ပြီ။

၃။ ပစ္စုပ္ပန်စိတ်၏ ဥပါဒ်ခဏနှင့် အနာဂတ်စိတ်တို့သည် မည်သည့် ခဏကိုမျှ မလွန်သေး။

ဤသို့အကျဉ်းမှတ်ထားပါ။

ယဿစိတ္တံဥပ္ပဇ္ဇမာနံခဏံခဏံဝိတိက္ကန္တံ အတိက္ကန္တကာလံ (အကြောင်ပုဂ္ဂိုလ်၏ စိတ်သည် ဖြစ်ဆဲသော ဥပါဒ်ခဏကို လွန်ခဲ့ပြီ) ဟူသော သန္နိဋ္ဌာန်ပုဒ်အရ ပစ္စုပ္ပန်စိတ်၏ ဘင်နှင့် အတိတ်စိတ် ရ၏။

နိရုဇ္ဈမာနံ ခဏံ ခဏံဝိတိက္ကန္တံအတိက္ကန္တကာလံ တဿစိတံ (ထိုပုဂ္ဂိုလ်၏ စိတ်သည် ချုပ်ဆဲသော ဘင်ခဏကို လွန်ပြီလော) ဟူသော သံသယအရ အတိတ်စိတ်ကိုသာရ၏။ သို့ပါ၍ -

၁။ ပစ္စုပ္ပန်စိတ်၏ ဘင်သည် အနုလုံ အနုလောမ တစ်ဘက်ရ၊ ပစ္စနိက်ပဋိလောမ တစ်ဘက်ရ။

၂။ အတိတ်စိတ်သည် အနုလုံ နှစ်ဘက်ရ။

၃။ အနုလုံပဋိလောမ တစ်ဘက်ရနှင့် ပစ္စနိက်အနုလောမ တစ်ဘက်ရ တရားမရှိ။

၄။ ပစ္စုပ္ပန်စိတ်၏ ဥပါဒ်နှင့် အနာဂတ်စိတ်တို့သည် ပစ္စနိက် နှစ်ဘက်ရ။

ဤသို့ပိုင်းခြား မှတ်သားထားရ၏။

http://www.dhammadownload.com

ဝိဘင်းထုတ်ပုံ

အနုလုံ ။ ယဿစိတ္တံဥပ္ပဇ္ဇမာနံခဏံခဏံ ဝိတိက္ကန္တံအတိက္ကန္တကာလံ၊ နိရုဇ္ဈမာနံခဏံခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံတဿစိတ္တန္တိ ဘင်္ဂက္ခဏေစိတ္တံဥပါဒက္ခဏံ ဝိတိက္ကန္တံ၊ ဘင်္ဂက္ခဏံ အဝိတိက္ကန္တံ၊ အတီတံ စိတ္တံဥပ္ပါဒက္ခဏဉ္စ ဝိတိက္ကန္တံ ဘင်္ဂက္ခဏဉ္စဝိတိက္ကန္တံ။

ယဿဝါပနစိတ္တံနိရုဇ္ဈမာနံ ခဏံ ခဏံ ဝိတိက္ကန္တံအတိက္ကန္တကာလံ၊ ဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံ တဿစိတ္တန္တိအတီတံ စိတ္တံ။

ပစ္စနိက် ။ ယဿစိတ္တံ နဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံ၊ နနိရုဇ္ဈမာနံ ခဏံ ခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံ တဿစိတ္တန္တိဥပ္ပါဒက္ခဏေအနာဂတံစိတ္တံ။

ယဿဝါပနစိတ္တံ နနိရုဇ္ဈမာနံ ခဏံ ခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံ၊ နဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝိတိက္ကန္တံအတိက္ကန္တ ကာလံတဿစိတ္တန္တိ ဘင်္ဂက္ခဏေစိတ္တံ ဘင်္ဂက္ခဏံ အဝိတိက္ကန္တံ နောစဥပ္ပါဒက္ခဏံ အဝိတိက္ကန္တံ၊ ဥပ္ပါဒက္ခဏေ အနာဂတဉ္စစိတ္တံဘင်္ဂက္ခဏဉ္စ အဝိတိက္ကန္တံ ဥပ္ပါဒက္ခဏဉ္စအဝိတိက္ကန္တံ။

အရကောက်

အနုလုံ အနုလောမဌ် သန္နိဋ္ဌာန်ပုဒ်၏ အရကား - ဘင်္ဂက္ခဏစိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရ၏။ အတိတ်စိတ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်လည်း ရ၏။ သံသယကား နောက်သာရ၏။

ပဋိလောမဌ် သန္နိဋ္ဌာန်ပုဒ်၏ အရကား - အတိတ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရ၏။ သံသယငင်းရ၏။

ပစ္စနိက်အနုလောမဌ် သန္နိဋ္ဌာန်ပုဒ်၏ အရကား ဥပ္ပါဒက္ခဏစိတ် အနာဂတ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရ၏။ သံသယငင်းရ၏။

ပစ္စနိက်ပဋိလောမဌ် သန္နိဋ္ဌာန်ပုဒ်၏ အရကား ဘင်္ဂက္ခဏစိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရ၏။ ဥပ္ပါဒက္ခဏစိတ်၊ အနာဂတ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။

http://www.dhammadownload.com

အာမန္တာ ဝိဘင်းမဏ္ဍက်

အနုလုံပဋိလောမ၌ တစ်ဘက်ရမရှိ၊ နှစ်ဘက်ရမျှသာရှိ၏။ ထို့ကြောင့်ပင် ပဋိဝစန ဝိဿဇ္ဇနာဖြင့် "အာမန္တာ" ဟု ဝိဘင်းထုတ်ဟောသင့်သော်လည်း "ဥပါဒ်ခဏနှင့် ဘင်ခဏနှစ်ပါးကို လွန်သောစိတ်သည် အတိတ်စိတ်သာတည်း၊ ပစ္စုပ္ပန်စိတ် မဟုတ်ဟူသော အနက်ထူးကို ပြလိုသောကြောင့် "အတိတံစိတ္တံ့" ဟုသာ ဟောတော်မူ၏။

ဓမ္မဝါရ

ဓမ္မဝိဘာဂ	ဥပ္ပါဒက္ခဏ	ဌိတိက္ခဏ	ဘင်္ဂက္ခဏ	ဥပ္ပါဒက္ခဏ	ဌိတိက္ခဏ	ဘင်္ဂက္ခဏ	ဝိဘင်္ဂဝါန
ပစ္စုပ္ပန်စိတ်၏ ဥပ္ပါဒ်	။		။			။	ဥပ္ပါဒက္ခဏော } ပစ္စုပ္ပန်နှံ့
ပစ္စုပ္ပန်စိတ်ဘင်		။	။				ဘင်္ဂက္ခဏော
အတိတ်စိတ်				။			အတီတံ (စိတ္တံ)
အနာဂတ်စိတ်					။	။	အနာဂတံစိတ္တံ

ညွှန်ကြားချက် ။ ဝိဘင်းလှည့်မရသော သုံးဝါရတို့ကို သဘောအလျောက်ပင် ဟောပါ။ ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ၌ အနုလုံ "အာမန္တာ" ပစ္စနိက်အနုလောမ "နော"၊ ပဋိလောမ- "နတ္ထိ" ဝိတင်းထုတ်ပါ။

http://www.dhammadownload.com

အတိတ်ကာလဝါရ၌ အနုလုံ "နော" ဝိဘင်း၊ ပစ္စုနိက် - "အာမန္တာ" ဝိဘင်းထုတ်ပါ။ အတိက္ကန္တဝါရမှာ ပုဂ္ဂလအတိုင်းပင်ဖြစ်၏။

ဝိဘင်းလှည့်ရသော ဝါရများကို တစ်ဘက်ရ၊ နှစ်ဘက်ရ ဝေဖန်၍ ဝိဘင်းထုတ်ပါ။ အရကောက်ကို ပုဂ္ဂလဝါရ၌ ပြခဲ့သော ပထမနည်းအတိုင်း ရသင့်သလိုကောက်ပါ။

ပုဂ္ဂလဓမ္မဝါရလည်း ဤဓမ္မဝါရအတိုင်းပင်ဖြစ်၏။ ဥပါဒကွဏနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဥပါဒကွဏစိတ်ရ၏။ စသည်ဖြင့် ကောက်ရုံသာထူး၏။ ဓမ္မဝါရအတွက် နမူနာအဖြစ် ဝိဘင်းထုတ်အရ ကောက်ပြမည်။

ဓမ္မဝါရ

၂ - ဥပ္ပါဒုပ္ပန္နဝါရ

ယဲ့စိတ္တ တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇတိ	ဥပ္ပန်း	ဝိဘင်ပါဠို
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒကွဏ	။	။	ဥပ္ပါဒကွဏောစိတ္တံ
	ပစ္စုပ္ပန်စိတ် ဘင်္ဂကွဏ		။	ဘင်္ဂကွဏောစိတ္တံ
	အတိတ်စိတ်, အနာဂတ်စိတ်			အာတီတာနာဂတံစိတ္တံ

၃ - နိုဏောဓုပ္ပန္နဝါရ

ယဲ့စိတ္တ တဲ့စိတ္တံ	သရုပ်ခွဲပုံ	နိရုဇ္ဈတိ	ဥပ္ပန်း	ဝိဘင်ပါဠို
	ပစ္စုပ္ပန်စိတ် ဘင်္ဂကွဏ	။	။	ဘင်္ဂကွဏောစိတ္တံ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒကွဏ		။	ဥပ္ပါဒကွဏောစိတ္တံ
	အတိတ်စိတ်, အနာဂတ်စိတ်			အာတီတာနာဂတံစိတ္တံ

http://www.dhammadownload.com

၄ - ဥပ္ပါဒ ၊ ပစ္စုပ္ပန္နာတီတ

ယဲ့စိတ္တံ / တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇတိ	ဥပ္ပဇ္ဇိတ္ထ	ဝိဘင်္ဂပါဠိ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏ	။		ဥပ္ပါဒက္ခဏေစိတ္တံ
	အတိတ်စိတ်		။	အတီတံစိတ္တံ
	ပစ္စုပ္ပန်စိတ်ဘင်, အနာဂတ်စိတ်			ဘင်္ဂက္ခဏေအနာဂတဉ္စစိတ္တံ

ပစ္စုပ္ပန္နာနာဂတ

ယဲ့စိတ္တံ / တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇတိ	ဥပ္ပဇ္ဇိ ဿတိ	ဝိဘင်္ဂပါဠိ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏ	။		ဥပ္ပါဒက္ခဏေစိတ္တံ
	အနာဂတ်စိတ်		။	အနာဂတံစိတ္တံ
	ပစ္စုပ္ပန်စိတ်ဘင်, အတိတ်စိတ်			ဘင်္ဂက္ခဏော

အတီတာနာဂတဝါရ

ယဲ့စိတ္တံ / တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇိတ္ထ	ဥပ္ပဇ္ဇိ ဿတိ	ဝိဘင်္ဂပါဠိ
	အတိတ်စိတ်	။		အတီတံစိတ္တံ
	အနာဂတ်စိတ်		။	အနာဂတံစိတ္တံ
	ပစ္စုပ္ပန်စိတ်			ပစ္စုပ္ပန္နံစိတ္တံ

http://www.dhammadownload.com

၅ - နိဂြောဓ၊ ပစ္စုပ္ပန္နာတီတ

ယဲ့စိတ္တံ / တဲ့စိတ္တံ	သရုပ်ခွဲပုံ	နိရုဒ္ဓတိ	နိရုဒ္ဓိတ္ထ	ဝိဘင်္ဂပါဠိ
	ပစ္စုပ္ပန်စိတ်ဘင်	။		ဘင်္ဂက္ခဏောစိတ္တံ
	အတိတ်စိတ်		။	အတီတံစိတ္တံ
	ပစ္စုပ္ပန်စိတ်ဥပ္ပါ, အနာဂတ်စိတ်			ဥပ္ပါဒက္ခဏော အနာဂတဉ္စ

ပစ္စုပ္ပန္နာနာဂတ

ယဲ့စိတ္တံ / တဲ့စိတ္တံ	သရုပ်ခွဲပုံ	နိရုဒ္ဓတိ	နိရုဒ္ဓိ ဿတိ	ဝိဘင်္ဂပါဠိ
	ပစ္စုပ္ပန်စိတ် ဘင်္ဂက္ခဏ	။		ဘင်္ဂက္ခဏောစိတ္တံ
	ပစ္စုပ္ပန်စိတ်ဥပ္ပါ, အနာဂတ်စိတ်		။	ဥပ္ပါဒက္ခဏော အနာဂတဉ္စ
	အတိတ်စိတ်			အတီတံစိတ္တံ

အတီတာနာဂတ

ယဲ့စိတ္တံ / တဲ့စိတ္တံ	သရုပ်ခွဲပုံ	နိရုဒ္ဓိတ္ထ	နိရုဒ္ဓိ ဿတိ	ဝိဘင်္ဂပါဠိ
	အတိတ်စိတ်	။		အတီတံစိတ္တံ
	ပစ္စုပ္ပန်စိတ်ဥပ္ပါဒက္ခဏ	။	။	ဥပ္ပါဒက္ခဏော
	အနာဂတ်စိတ်			အနာဂတဉ္စ
	ပစ္စုပ္ပန်စိတ် ဘင်္ဂက္ခဏ			ဘင်္ဂက္ခဏော စိတ္တံ

http://www.dhammadownload.com

၆ - ဥပ္ပါဒနိဂ္ဂောဓ၊ ပစ္စုပ္ပန္နာတီတ

ယဲ့စိတ္တံ တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇတိ	နိရုဇ္ဈိတ္ထ	ဝိဘင်္ဂပါဠိ
	ပစ္စုပ္ပန်စိတ်ဥပ္ပါဒက္ခဏ	။		ဥပ္ပါဒက္ခဏောစိတ္တံ
	အတိတ်စိတ်		။	အတီတံစိတ္တံ
	ပစ္စုပ္ပန်စိတ် ဘင်္ဂက္ခဏ			ဘင်္ဂက္ခဏော
	အနာဂတ်စိတ်			အနာဂတဉ္စ

ပစ္စုပ္ပန္နာ နာဂတ

ယဲ့စိတ္တံ တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇတိ	နိရုဇ္ဈိ ဿတိ	ဝိဘင်္ဂပါဠိ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏ	။	။	ဥပ္ပါဒက္ခဏောစိတ္တံ
	အနာဂတ်စိတ်		။	အနာဂတံစိတ္တံ
	ပစ္စုပ္ပန်စိတ် ဘင်္ဂက္ခဏ			ဘင်္ဂက္ခဏော
	အတိတ်စိတ်			အတီတဉ္စစိတ္တံ

အတီတာ နာဂတ

ယဲ့စိတ္တံ တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇိတ္ထ	နိရုဇ္ဈိ ဿတိ	ဝိဘင်္ဂပါဠိ
	အတိတ်စိတ်	။		အတီတံစိတ္တံ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏ		။	ဥပ္ပါဒက္ခဏော
	အနာဂတ်စိတ်			အနာဂတံ
	ပစ္စုပ္ပန်စိတ် ဘင်္ဂက္ခဏ			ဘင်္ဂက္ခဏောစိတ္တံ

http://www.dhammadownload.com

၇ - ဥပ္ပဇ္ဇမာနု နုနိုရောဓဝါရ

ယံစိတ္တံ / တံစိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇတိ	နနိရုဇ္ဈတိ	ဝိဘင်ပါဠိ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏ	။	။	ဥပ္ပါဒက္ခဏေစိတ္တံ
	အတိတ်စိတ်, အနာဂတ်စိတ်		။	အတီတာနာဂတံစိတ္တံ
	ပစ္စုပ္ပန်စိတ်ဘင်			ဘင်က္ခဏေစိတ္တံ

၈ - ဥပ္ပဇ္ဇမာနူပ္ပန္ဒ

ယံစိတ္တံ / တံစိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇမာနံ	ဥပ္ပန္နံ	ဝိဘင်ပါဠိ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏ	။	။	ဥပ္ပါဒက္ခဏေစိတ္တံ
	ပစ္စုပ္ပန်စိတ် ဘင်က္ခဏ		။	ဘင်က္ခဏေစိတ္တံ
	အတိတ်စိတ်, အနာဂတ်စိတ်			အတီတာနာဂတံစိတ္တံ

၉ - နိုရုဇ္ဈမာနူပ္ပန္ဒ

ယံစိတ္တံ / တံစိတ္တံ	သရုပ်ခွဲပုံ	နိရုဇ္ဈမာနံ	ဥပ္ပန္နံ	ဝိဘင်ပါဠိ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏ		။	ဥပ္ပါဒက္ခဏေစိတ္တံ
	ပစ္စုပ္ပန်စိတ် ဘင်က္ခဏ	။	။	ဘင်က္ခဏေစိတ္တံ
	အတိတ်စိတ်, အနာဂတ်စိတ်			အတီတာနာဂတံစိတ္တံ

http://www.dhammadownload.com

၁၀ - ဥပ္ပန္နဥပ္ပါဒ၊ ပစ္စုပ္ပန္နတိတ

ယဲ့စိတ္တံ တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပန္နံ	ဥပ္ပဇ္ဇိတ္ထ	ဝိဘင်္ဂပါဠိ
	ပစ္စုပ္ပန်စိတ်	။		ပစ္စုပ္ပန္နံစိတ္တံ
	အတိတ်စိတ်		။	အတီတံစိတ္တံ
	အနာဂတ်စိတ်			အနာဂတံစိတ္တံ

ပစ္စုပ္ပန္နာနာဂတ

ယဲ့စိတ္တံ တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပန္နံ	ဥပ္ပဇ္ဇိဿတိ	ဝိဘင်္ဂပါဠိ
	အနာဂတ်စိတ်		။	အနာဂတံစိတ္တံ
	ပစ္စုပ္ပန်စိတ်	။		ပစ္စုပ္ပန္နံစိတ္တံ
	အတိတ်စိတ်			အတီတံစိတ္တံ

၁၁ - အတီတာနာဂတ

ယဲ့စိတ္တံ တဲ့စိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပဇ္ဇိတ္ထနောစဥပ္ပန္နံ	ဥပ္ပဇ္ဇိဿတိ	ဝိဘင်္ဂပါဠိ
	အနာဂတ်စိတ်		။	အနာဂတံစိတ္တံ
	အတိတ်စိတ်	။		အတီတံစိတ္တံ
	ပစ္စုပ္ပန်စိတ်			ပစ္စုပ္ပန္နံစိတ္တံ

http://www.dhammadownload.com

၁၂ - ဥပ္ပန္နုပ္ပဒ္ဒမာန

ယံစိတ္တံ တံစိတ္တံ	သရုပ်ခွဲပုံ	ဥပ္ပန်း	ဥပ္ပဒ္ဒမာန်	ဝိဘင်ပါဠိ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏာ	။	။	ဥပ္ပါဒက္ခဏော
	ပစ္စုပ္ပန်စိတ် ဘင်္ဂက္ခဏာ	။		ဘင်္ဂက္ခဏော
	အတိတ်စိတ်, အနာဂတ်စိတ်			အတီတာနာဂတံစိတ္တံ

၁၃ - နိုဂုဒ္ဓနိုဂုန္ဆမာန

ယံစိတ္တ တံစိတ္တံ	သရုပ်ခွဲပုံ	နိုရုဒ္ဓံ	နိုရုဇ္ဈမာန်	ဝိဘင်ပါဠိ
	ပစ္စုပ္ပန်စိတ် ဘင်္ဂက္ခဏာ		။	ဘင်္ဂက္ခဏော
	အတိတ်စိတ်	။		အတီတံစိတ္တံ
	ပစ္စုပ္ပန်စိတ် ဥပ္ပါဒက္ခဏာ			ဥပ္ပါဒက္ခဏော
	အနာဂတ်စိတ်			အနာဂတဥ္စ

သုဒ္ဓစိတ္တသာမညပြီး၏

http://www.dhammadownload.com

သုတ္တန္တစိတ္တာမိဿက ဝိဘေဒ

ဒိတိယံဒုကံ

သရာဂပဒဒေါသ အဝိပ္ပယုတ်

အစမထင် - - တိန (လော) ဇဇဇဇဇဇ ရုံရုံဘပဥနုဝေါအရမဂ် ဖဖ ပစ္ဆိမစိတ် **ရှင်း** ။ ဝိထိပုံတွင် ပါရှိသော စိတ်များတွင် ဤဝါရအတွက် လိုအပ်သော စိတ်များမှာ -

၁။ သရာဂပစ္ဆိမစိတ်၊

၂။ သရာဂပစ္ဆိမစိတ်မှ တစ်ပါးသော သရာဂစိတ်၊

၃။ ဝီတရာဂစိတ်ဟု သုံးမျိုးရှိ၏။ ထို့ကြောင့် -

ဤဝါရ၌ -

၁။ သရာဂပစ္ဆိမစိတ်၊

၂။ သရာဂပစ္ဆိမစိတ်မှ တစ်ပါးသော သရာဂစိတ်၊

၃။ ဝီတရာဂစိတ်၊

၄။ နိရောဓသမာပတ်၊ အသညသတ် ဟု လေးမျိုးခွဲရမည်။

ထိုသရာဂပစ္ဆိမစိတ် စသော စိတ်များသည် ဥပါဒ်၊ ဌိ၊ ဘင်အားဖြင့် ခဏငယ် သုံးချက်စီ အသက်ရှည်ကြ၏။

သရာဂပစ္ဆိမစိတ်

တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သည်ဖြစ်အံ့၊ အဆုံးစွန်သော တဏှာနှင့် ယှဉ်သော သတ္တမဇော၏ ဥပ္ပါဒက္ခဏသမဂ်ီဖြစ်သော တိဟိတ်ပုထုဇဉ်၊ သောတာပန်ဖြစ်ပြီးမှ တဏှာခြားသည်၊ သကဒါဖြစ်ပြီးမှ တဏှာခြားသည်၊ အနာဂတ်ဖြစ်ပြီး တဏှာခြားသည်ဖြစ်အံ့၊ အဆုံးစွန်တဏှာနှင့်ယှဉ်သော သတ္တမဇော၏ ဥပ္ပါဒက္ခသမဂ်ီဖြစ်သော သောတာပန်, သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့၏ အဆုံးစွန်သော လောဘဇောကို သရာဂပစ္ဆိမစိတ်ဟုခေါ်သည်။

http://www.dhammadownload.com

သရာဂပစ္ဆိမစိတ်ကို -

၁။ သရာဂပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏ၊

၂။ သရာဂပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏ၊

၃။ သရာဂပစ္ဆိမစိတ်၏ ခဏတ္တယသမဂ္ဂီ ဟု သုံးမျိုးခွဲရမည်။

သရာဂပစ္ဆိမစိတ်မှ တစ်ပါးသော သရာဂစိတ်ကို -

၁။ သရာဂစိတ်၏ ဥပ္ပါဒက္ခဏ၊

၂။ သရာဂစိတ်၏ ဘင်္ဂက္ခဏ၊

၃။ သရာဂစိတ်၏ ခဏတ္တယသမဂ္ဂီ ဟု သုံးမျိုးခွဲရမည်။

ဝီတရာဂစိတ်ကို -

၁။ ဝီတရာဂစိတ်ဥပ္ပါဒက္ခဏ၊

၂။ ဝီတရာဂစိတ်၏ ဘင်္ဂက္ခဏ၊

၃။ ဝီတရာဂစိတ်၏ ခဏတ္တယသမဂ္ဂီဟု သုံးမျိုးခွဲရမည်။

သရာဂပဒနှည်းပြဇယား

ဓမ္မဝိဘာဂ	ဥပ္ပါဒက္ခဏ	ဘင်္ဂက္ခဏ	ဌီတက္ခဏ	ဥပ္ပါဒက္ခဏ ဌီတက္ခဏ	ဘင်္ဂက္ခဏ ဌီတက္ခဏ	ခဏတ္တယသမဂ္ဂီ
သရာဂပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏ	။		။	။		။
သရာဂပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏ		။	။	။		
တစ်ပါးသော သရာဂစိတ်တို့၏ ဥပ္ပါ	။		။	။	။	။
တစ်ပါးသော သရာဂစိတ်ဘင်္ဂက္ခဏ		။	။	။	။	။
စိတရာဂစိတ် ၈၁ ဥပ္ပါဒက္ခဏ				။	။	။
တစ်ပါးသော ဘင်္ဂက္ခဏ				။	။	။
နိရောဓ၊ အသညသတ်				။	။	။

http://www.dhammadownload.com

အမှာ ။ ဇယားခေါင်းစီးကို ကြည့်၍ ဥပ္ပဇ္ဇတိအရ မည်သည့်တရားကို ရရှိနိုင်ကြောင်း စသည်ဖြင့် သိရှိနေအောင် အရကျက်ထားပါ။ ဇယားကွက်ရှိ တရားများကို မှတ်မိနေလျှင် ဝိဘင်းနှင့် အရကောက်အားလုံးကို လွယ်လွယ်ကူကူသဘောပေါက် ပါလိမ့်မည်။ ဤဇယားအရ ဖြစ်သင့်သောတရားကို ကျောက်သင်ပုန်းမှာ ချရေးပြီး သရုပ်ခွဲပါ။ ဝိဘင်းထုတ်ပါ။ အရကောက်ပါ။

(၁) ဥပ္ပါဒနိုရောဓကာလသမ္ဘေဒဝါရ

ဓမ္မဝိဘာဂ	ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ	နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ	ဝိဘင်္ဂဌာန
သရာဂပစ္ဆိမစိတ် ဥပ္ပါဒက္ခဏ	။	။	သရာဂပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ
။ မှတစ်ပါး သရာဂစိတ်-ဥပ္ပါ	။		(ဣ) သရာဂပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ

အရကောက်

အနုလောမပုဒ်၌ သန္နိဌာန်ပုဒ်၏ အရကား - သရာဂပစ္ဆိမစိတ်မှတစ်ပါး သရာဂစိတ်၏ ဥပ္ပါဒက္ခဏသမဏီပုဂ္ဂိုလ်ရ၏။

သရာဂပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမဏီပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။

မှတ်ချက် ။ ပစ္စနိက်အနုလောမ၌ "နော" ဝိတင်းထုတ်၍၊ ပဋိလောမ၌ "နတ္ထိ" ဝိဘင်းထုတ်ပါ။ ပစ္စနိက် အနုလောမသန္နိဌာန်ပုဒ်၏ အရကား သရာဂပစ္ဆိမစိတ် ဘင်္ဂက္ခဏသမဏီပုဂ္ဂိုလ်ရ၏။

http://www.dhammadownload.com

(၂) ဥပ္ပါဒ်ဥပ္ပန္နဝါရ

ဓမ္မဝိဘာဂ	ဥပ္ပဇ္ဇတိ	ဥပ္ပန္နံ	ဝိဘင်္ဂဒွာန
သရာဂစိတ် ဘင်္ဂက္ခဏ		။	သရာဂစိတ္တဿ ဘင်္ဂက္ခဏော -
သရာဂစိတ် ဥပ္ပါဒက္ခဏ	။	။	သရာဂစိတ္တဿ ဥပ္ပါဒက္ခဏော -
ဝိဘရာဂစိတ် ခဏတ္တယ -			ဝိတရာဂစိတ္တသမင်္ဂီနံ -
နိရောဓ၊ အသညသတ်			နိရော - ပန္နာနံ၊ အသညသတ္တာနံ -

အနုလုံ ။ အနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - သရာဂစိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်ရ၏။ သံသယကား ငင်းရ၏။ ပဋိလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - သရာဂစိတ်၏ ဘင်္ဂက္ခဏ သမင်္ဂီပုဂ္ဂိုလ်ရ၏။ သရာဂစိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်လည်းရ၏။

ပစ္စနိုက် ။ အနုလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - သရာဂစိတ်၏ ဘင်္ဂက္ခဏသမင်္ဂီ ဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ရ၏။ ဝိတရာဂစိတ် ရှစ်ဆယ့်တစ်ခုတို့၏ ခဏတ္တယသမင်္ဂီဖြစ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်, နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ်ရဟန္တာ၊ အသညသတ်ပုဂ္ဂိုလ်လည်းရ၏။ သံသယကား - နောက်သာရ၏။ (နိရော - ခုပ္ပန္န - လွယ်၏)။

ဥပ္ပါဒ၊ ဝစ္စုပ္ပန္နာတီတဝါရ

ဓမ္မဝိဘာဂ	ဥပ္ပဇ္ဇတိ	ဥပ္ပဇ္ဇိတ္ထ	ဝိဘင်္ဂဒွာန
သရာဂစိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီ	။	။	သရာဂစိတ္တဿ ဥပ္ပါက္ခဏော -
ဝိတရာဂစိတ် (၈၁) တို့၏ ဥပ္ပါ		။	ဝိတရာဂစိတ္တဿ ဥပ္ပါဒက္ခဏော(၂)
ခပ်သိမ်းသောစိတ်တို့၏ဘင်္ဂက္ခဏ		။	စိတ္တဿဘင်္ဂက္ခဏော (၁)
နိရောဓ၊ အသညသတ်		။	နိရော - သမာပန္နာနံ၊ အသည - သတ္တာနံ

http://www.dhammadownload.com

အရကောက်

အနုလုံ ။ အနုလောမ၌ သန္နိဋ္ဌာန်ပုဒ် အရကား - သရာဂစိတ်၏ ဥပ္ပါဒက္ခဏသမဂ္ဂီဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်ရ၏။ သံသယကား - ၎င်းရ၏။

ပဋိလောမ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား - ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမဂ္ဂီ၊ ဝိတရာဂစိတ် ရှစ်ဆယ့်တစ်ခုတို့၏ ဥပ္ပါဒက္ခဏသမဂ္ဂီဖြစ်သော ပုထုဇဉ်လေးယောက်၊ အရိယာ ရှစ်ယောက်၊ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ အသညသတ် ပုဂ္ဂိုလ်ရ၏။

သရာဂစိတ်၏ ဥပ္ပါဒက္ခဏသမဂ္ဂီဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်လည်းရ၏။ သံသယကား နောက်သာရ၏။

အမှာ ။ ပစ္စနိက် နှစ်ဘက်ရမရှိ။ အနုလောမတစ်ဘက် ရသာရှိ၏။

ဥပ္ပါဒ၊ ပစ္စုပ္ပန္နာနာဂတဝါရ

ဤဝါရ၌ -

၁။ မဂ်ကိုမရလတ္တံ့ပုဂ္ဂိုလ်၊

၂။ မဂ်ကို ရလတ္တံ့ပုဂ္ဂိုလ်၊

၃။ နိရောဓသမာပတ်၊ အသညသတ် ဟု သုံးမျိုးခွဲပါ။

နိရောဓသမာပတ်ကို

၁။ သရာဂစိတ်ဖြစ်လတ္တံ့ ပုဂ္ဂိုလ်၊

၂။ သရာဂစိတ် မဖြစ်လတ္တံ့ ပုဂ္ဂိုလ် ဟု နှစ်မျိုးခွဲပါ။

မဂ်ကိုရလတ္တံ့ပုဂ္ဂိုလ်၏ ဝိထိပုံစံ



http://www.dhammadownload.com

ရှင်းလင်းချက် ။

မင်္ကို မရလတ္တံ့ ပုဂ္ဂိုလ်၏ -

၁။ သရာဂစိတ်၏ ဥပါဒ်ခဏသည် သရာဂစိတ်ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ နှစ်ပါးစုံရ၏။

၂။ သရာဂစိတ်၏ ဘင်္ဂခဏသည် သရာဂစိတ်ဖြစ်လတ္တံ့သာရ၏။

၃။ ဝိတရာဂစိတ်တို့၏ ဥပ္ပါဒက္ခဏ၊ ဘင်္ဂခဏသည် သရာဂစိတ်ဖြစ်လတ္တံ့သာရ၏

မင်္ကို ရလတ္တံ့ ပုဂ္ဂိုလ်၏ -

၁။ သရာဂပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသည် သရာဂစိတ်ဖြစ်ဆဲသာရ၏။

